၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group*

*Issue No. 697 FEBRUARY 15, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

# ပြည်ပရောက်အင်အားစုများညီညွတ်ကြပါရန် ပြည်တွင်းအဲန်အဲလ်ဒီအောက်ခြေအင်အားစုများတောင်းဆို

**DVB ၊ ဖေဖော်ဝါရီ ၁၁ ။** ။ ပြည်ပရောက်ဒီမိုကရေစီရရှိရေးဆောင်ရွက်နေသူတွေ အချင်းချင်း ညီညီညွတ်ညွတ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြပါလို့ နိုင်ငံရေးအကျဉ်းသားလွတ်ရေးလှုပ်ရှားနေတဲ့ အင်္ဂါဝတ်ပြုဆုတောင်းသူတွေက မေတ္တာရပ်ခံတောင်းဆိုလိုက်ပါတယ်။

မြန်မာစစ်အစိုးရကို ကုလသမဂ္ဂကနေဖယ်ရှားရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီတို့ရဲ့ အစိုးရဖွဲ့စည်းရေးလှုပ်ရှားမှု၊ အဝေးရောက်ညွန့်ပေါင်းအစိုးရပြန်လည်ဖွဲ့စည်းမှု စတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ မကျေလည်မှုတွေ၊ ငြင်းခုန်သံတွေကို မီဒီယာကနေတဆင့် ကျယ်ကျယ်ပြန့်ပြန့်ကြားသိရပြီးနောက် ဒီလိုတောင်းဆိုတိုက်တွန်းလာကြတာပါ။

ပြည်တွင်းပြည်ပဒီမိုကရေစီရေးအတွက်အားလုံးလှုပ်ရှားနေတာဖြစ်လို့ ပြည်တွင်းမှာလည်း ညီညွတ်ဘို့လိုအပ်သလို ပြည်ပမှာလည်း ညီညွတ်ဘို့လိုပါတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ဒေါ်အေးအေးမာက ပြောပါတယ်။

"ကျမတို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောထားတဲ့စကားရှိပါတယ်၊ ညီညွတ်မှုရှိ ရင်သစ္စာရှိမှုအားကောင်းတယ်၊ အောင်ပွဲမြန်မြန်ရတယ်လို့ပြောထားပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့စကားတွေ၊ မိန့်ခွန်းတွေ၊ ကျမတို့ ဒီမိုကရေစီလိုလားသူတွေက အားလုံးလိုလို လိုက်နာမှုမရှိကြပါဘူး၊ ညီညွတ်မှုရှိအောင်လို့တော့ ပါးစပ်ကပြောတယ်၊ သစ္စာရှိမှုတို့ ပါးစပ်ကပြောတယ်၊ ဒါပေမဲ့ လက်တွေ့မှာ တခြားစီဖြစ်နေတယ်၊ ကျမတို့ ပြည်တွင်းမှာသာမက ပြည်ပမှာရှိတဲ့သူတွေက ပိုပြီးတော့ လွတ်လွတ်လပ်လပ်လုပ်ရတော့ ကျမတို့ခေါင်းဆောင်ရဲ့စကား ညီညွတ်မှုနဲ့သစ္စာရှိမှုကို ပိုလုပ်ပြီးတော့ ကိုယ့်ရဲ့အောင်ပွဲကိုရအောင်လုပ်နိုင်ပါစေလို့ ကျမတို့ဆုတောင်းပါတယ်"

အဖွဲ့ချုပ် မိတ္ထီလာမြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြည်တွင်းက နိုင်ငံရေးလှုပ်ရှားသူတွေထက် ပြည်ပအခြေပြုလှုပ်ရှားသူတွေက အခွင့်ပိုသာတာကိုအမိအရယူပြီး တညီတညွတ်တည်း အားထုတ်ကြိုးပမ်းသင့်ပါတယ်လို့ တိုက်တွန်းပါတယ်။

ပြည်ပမှာရှိတဲ့အဖွဲ့အစည်းတွေက ညီညွတ်မှုအင်အားနည်းပါးနေတယ်ဆိုတာ ကျမတို့ သိနေကြားနေရတယ်၊ ပြည်တွင်းပဲဖြစ်ဖြစ်၊ ပြည်ပပဲဖြစ်ဖြစ် ညီညွတ်မှသာလျှင် ကိုယ်လိုချင်တဲ့ပန်းတိုင်ကိုရောက်မှာ။

ပြည်တွင်းကမလုပ်လို့ ပြည်ပကလည်း မလုပ်နိုင်တာမျိုး မဖြစ်စေချင်သလို ပြည်ပရောက်အင်အားစုတွေရဲ့လုပ်ဆောင်မှု နှေးကွေးလွန်းတယ်လို့ ဒေါ်မြင့်မြင့်အေးကပြောပါတယ်။

၁၉ နှစ်၊ နှစ် ၂၀ ကြာတဲ့ထိအောင် ပြည်ပမှာ ဒီလိုမျိုးအတိုက်အခံအဖွဲ့တွေအနေနဲ့ လှုပ်ရှားဆောင်ရွက်မှုဟာ အင်မတန်ကိုနှေးကွေးတယ်၊ အဲဒီအတွက် ကျမတို့ လုံးဝအားမရဘူး၊ ဒီလိုနှေးကွေးတဲ့အပြင် အခုလောလောဆယ်မှာ ကြားနေရတဲ့အနေအထားတွေက တဦးနဲ့တဦး ညီညွတ်မှုအတော့်ကိုနည်းနေတာပေါ့၊ ညီညွတ်မှုအင်အားတွေအများကြီးလိုသေးတယ်။

ဝမ်းတွင်းမြို့နယ်အတွင်းရေးမှူး ဦးထွန်းထွန်းကလည်း ဒီအချိန်မှာ ပိုပြီးညီညွတ်ရမယ့်အချိန်ဖြစ်တယ်လို့ ပြောပါတယ်။ ပြည်ပရှိ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ စတဲ့ အဖွဲ့အစည်းတွေကြား စည်းလုံးညီညွတ်မှုအားနည်းနေတာကို ဒပ်ဗလင်ညီလာခံမှာကြားရတဲ့သတင်းတွေအတွက် စိတ်မကောင်းဖြစ်ရတယ်လို့ဆိုပါတယ်။

ဒပ်ဗလင်အစည်းအဝေးကိုအခြေခံပြီး မီဒီယာတွေကကြားလိုက်ရလို့ ဒီအချိန်အခါမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဖြစ်စေချင်တဲ့ဆန္ဒအပြည့်အဝရှိပါတယ်။

အင်္ဂါဆုတောင်းအဖွဲ့ဟာ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် ဆုတောင်းပို့၊ အလှူပြုလုပ်ခဲ့ကြပါတယ်။

**ကင်တားနားခရီးစဉ်ကြောင့် လူ့အခွင့်အရေးတိုးတက်မည်ဟု အဲန်အဲလ်ဒီမမျှော်လင့်** စာမျက်နှာ ၈

**လူ့အခွင့်အရေးချိုးဖောက်မှု များကိုအရေးယူရန် အဲန်အဲလ်ဒီက ကုလသမဂ္ဂအားအရေးဆို** စာမျက်နှာ ၂

**၂၀၁၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ ပါဝင်လိမ့်မည်မဟုတ်** စာမျက်နှာ ၅

**ဦးတင်ဦးအား နေအိမ်အကျယ်ချုပ်သက်တမ်းတိုး၊ စစ်အုပ်စု၏ အဲန်အဲလ်ဒီအပေါ်သဘောထားတင်းမာဆဲ** ကျောဖုံး

**စစ်အစိုးရအုပ်ချုပ်နေတာ တစည်ပါတီလည်းမကြိုက်** စာမျက်နှာ ၇

**ရန်ကုန်တိုင်းအတွင်း ကြက်ဘဲ အစုလိုက်အပြုံလိုက်သေဆုံး** စာမျက်နှာ ၁၅

## VOB အာဘော်

# မြန်မာပြည်အခြေအနေတိုးတက်ကောင်းမွန်လာရေး

မြန်မာပြည်ဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ကင်းတားနား မြန်မာပြည်တွင်းလူ့အခွင့်အရေး အခြေအနေများကို လေ့လာစစ်ဆေးရန် ရောက်ရှိလာပြီဖြစ်သည်။ မနှစ်ကလည်း မြန်မာပြည်သို့သွားရောက်ခဲ့သည်။ မြန်မာ့လူ့အခွင့်အရေးမှတ်တမ်း တိုးတက်ကောင်းမွန်လာရေးအတွက် လုပ်ဆောင်သင့်သည့်အချက်များကို အဆိုပြုကာ အကြံပေးခဲ့သည်။ နအဖစစ်အုပ်စုအား ၂၀၁၀ ရွေးကောက်ပွဲမကျင်းပမီ ဆောင်ရွက်သင့်သည်များကို ပြုလုပ်ရန် တောင်းဆိုခဲ့သည်။ ဤသည်က စစ်အုပ်စုအား နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုလက်ခံလာရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် လက်တွေ့အကျိုးသက်ရောက်စေရန်ဖြစ်သည်။

မစ္စတာကင်းတားနာ ယခုတကြိမ်ရောက်ရှိလာသောအခါ မြန်မာ့လူ့အခွင့်အရေးအခြေအနေမည်မျှတိုးတက်လာခဲ့သနည်းဆိုသည်ကို ဆန်းစစ်မည်ဖြစ်သည်။ လွန်ခဲ့သော ၆ လတာကာလအတွင်း မြန်မာစစ်အာဏာပိုင်များ၏ သိသာထင်ရှားသောလုပ်ဆောင်ချက်များကို အလွယ်တကူမြင်တွေ့နိုင်သည်။ ငြိမ်းချမ်းသောနည်းများဖြင့် လူ့အခွင့်အရေးနှင့် နိုင်ငံရေးလှုပ်ရှားသူများအား မတရားသောစွဲချက်များဖြင့် ကြီးလေးသောပြစ်ဒဏ်များပေးခြင်းဖြစ်သည်။ အကျဉ်းရုံးတရားစီရင်ခြင်း၊ ရှေ့နေများမပါပဲ ခုခံကာကွယ်ပိုင်ခွင့်မရှိပဲ တဘက်သတ်စီရင်ချက်များချသည်။ မြန်မာ့သမိုင်းတွင် လွန်စွာမှပင် အရုပ်ဆိုးအကျည်းတန်လှသည့် ရက်စက်ကြမ်းကြုတ်လှသည့် လုပ်ရပ်ဖြစ်သည်။

ထိုသို့သောအခြေအနေများဖြစ်ပျက်နေချိန်တွင် ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာပြည်သို့ရောက်ရှိနေချိန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများရပ်တန့်သွားစေရန် မြန်မာစစ်အာဏာပိုင်များအပေါ် ပြင်းထန်သောသတိပေးချက်နှင့် ထိရောက်သော အရေးယူဆောင်ရွက်ချက်များကို ပြုလုပ်နိုင်ရန် အထူးအရေးကြီးလှသည်။ စစ်အာဏာပိုင်များအပေါ် ကုလသမဂ္ဂအနေဖြင့် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးရှုထောင့်တို့မှကြည့်ကာ ချဉ်းကပ်ဆက်ဆံနေသည်မှာ နှစ်ပေါင်းများစွာရှိနေပြီဖြစ်သည်။ သို့သော်လည်း စစ်အာဏာပိုင်များက လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နိုင်ငံရေးအရနှိပ်ကွပ်မှုများကို အကြီးအကျယ်ပြုလုပ်နေဆဲဖြစ်သည်။

မစ္စတာကင်းတားနားမတိုင်မီ မစ္စတာဂမ်ဘာရီ မြန်မာပြည်သို့သွားရောက်ခဲ့ပြီး နိုင်ငံရေးအရ တိုးတက်ဖြစ်ထွန်းမှုများဖြစ်ပေါ်လာစေရန်ကြိုးပမ်းခဲ့သော်လည်း တိုးတက်မှုတစုံတရာကို မျက်ဝါးထင်ထင်တွေ့မြင်ရခြင်းမရှိခဲ့ပေ။ စစ်အာဏာပိုင်များက မစ္စတာဂမ်ဘာရီအား ပြစ်ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းပေးရေးကိုသာ ပြောဆိုခဲ့သည်။ နိုင်ငံရေးအရ အဲန်အဲလ်ဒီနှင့်တွေ့ဆုံဆွေးနွေးရေးကိစ္စကို မပြောခဲ့ပေ။ ယခု မစ္စတာကင်းတားနားရောက်ရှိလာသည့်အခါတွင်လည်း အလားတူလေသံမျိုး ပင်ပစ်လိမ့်မည်။

ထို့ကြောင့် မစ္စတာ ကင်းတားနားအနေဖြင့် မြန်မာလူ့အခွင့်အရေးနှင့်ပတ်သက်၍ နအဖအပေါ် ပြောဆိုလုပ်ကိုင်ရမည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ချက်ခြင်းရပ်တန့်ရန်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအမြန်ဆုံးလွှတ်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းမရှိပါက နိုင်ငံတကာအသိုင်းအဝိုင်း ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းဖွယ်ရာမရှိ တိုးတက်လာဖို့ရာရှိကြောင်းကိုသာ သတိပေးပြောဆိုပြီး လက်တွေ့အကျိုးသက်ရောက်မှုရှိစေရန် ဆောင်ရွက်ရမည်သာဖြစ်သည်။

---

## လူ့အခွင့်အရေးချိုးဖောက်မှုများကိုအရေးယူရန် အဲန်အဲလ်ဒီက ကုလသမဂ္ဂအားအရေးဆို

**VOB ၊ ဖေဖော်ဝါရီ ၁၄ ။** ။ စစ်တပ်အုပ်ချုပ်နေတဲ့မြန်မာပြည်က လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက်ပေးဖို့ ကုလသမဂ္ဂအား အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်က တိုက်တွန်းလိုက်တဲ့အတွက် အခုလိုပြောဆိုချက်ဟာ ကုလသမဂ္ဂအနေနဲ့ မြန်မာပြည်ကို နောက်ထပ်တခေါက်လာဖို့ မျှော်လင့်ထားပုံနဲ့ လက်ရှိအခြေအနေတွေအပေါ် စိတ်ပျက်မှုရှိနေတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

ကုလသမဂ္ဂရဲ့မြန်မာပြည်လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ ကင်းတားနားဟာ ဒီကနေ့ညနေပိုင်းမှာ မြန်မာပြည်ကိုရောက်ရှိလာမှာဖြစ်ပြီး ၆ ရက်ကြာနေထိုင်ကာ မြန်မာပြည်တွင်းလူ့အခွင့်အရေးအခြေအနေတွေနဲ့ပတ်သက်ပြီး လေ့လာမှုတွေ၊ တွေ့ဆုံမေးမြန်းဆွေးနွေးမှုတွေပြုလုပ်မှာပါ။

မကြာသေးမီရက်ပိုင်းအတွင်း အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီလာရောက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ ဒေါ်စုပြန်လည်လွတ်မြောက်ရေးအတွက် သက်ဆိုင်တဲ့သူတွေနဲ့ဆွေးနွေးခဲ့ပေမဲ့လည်း တိုးတက်တဲ့ရလဒ်သိသိသာသာမမြင်တွေ့ရပဲ ပြန်သွားခဲ့ပါတယ်။

ဒီကနေ့ရောက်လာမယ့် လူ့အခွင့်အရေးအထူးကိုယ်စားလှယ်မဆိုက်ရောက်မီတရက်အလိုမှာပဲ ဦးတင်ဦးကို နောက်ထပ်တနှစ်သက်တမ်းတိုးပြီးချုပ်နှောင်တယ်ဆိုတဲ့သတင်းထွက်လာခဲ့ပါတယ်။ အဲန်အဲလ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အများကြီးရှိနေတယ်ဆိုတဲ့အကြောင်းနဲ့ လူ့အခွင့်အရေးကိုယ်စားလှယ်အနေနဲ့ အဲဒီလိုချိုးဖောက်မှုတွေကို ရပ်တန့်သွားအောင်လုပ်သင့်တယ်လို့ ပြောဆိုပါတယ်။

## လူ့အခွင့်အရေးကိုယ်စားလှယ် မြန်မာပြည်သွားမည်

**VOA ၊ ဖေဖော်ဝါရီ ၁၃ ။** ။ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဟေး ကင်းတားနား ဟာ ဖေဖော်ဝါရီ ၁၄ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံကိုသွားရောက်ဖို့ရှိပါတယ်။

သူ့ရဲ့ခရီးစဉ်အဓိကရည်ရွယ်ချက်ကတော့ သူ မြန်မာနိုင်ငံကို ပြီးခဲ့တဲ့နွေရာသီတုန်းကသွားရောက်ခဲ့ပြီးတဲ့နောက်ပိုင်း မြန်မာနိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေတိုးတက်ဖြစ်ထွန်းမှုတွေကို လေ့လာဖို့ပဲဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ပြီးမြောက်အောင်ဆောင်ရွက်ဖို့ ထောက်ခံတင်ပြခဲ့တဲ့ လူ့အခွင့်အရေးဆိုင်ရာအခြေခံအချက် ၄ ချက်ကို အာဏာပိုင်တွေ ဘယ်လောက်အထိ ဆောင်ရွက်ခဲ့ပြီးလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာအရာရှိတွေနဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။

အဲဒီအချက် ၄ ချက်ကတော့ ပြည်တွင်းဥပဒေတွေကို နိုင်ငံတကာလူ့အခွင့်အရေးစံတွေနဲ့ ကိုက်ညီအောင်ပြင်ဆင်ဖို့နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ လူ့အခွင့်အရေးဆိုင်ရာပြဌာန်းချက်တွေ ထည့်သွင်းဖို့၊ ယုံကြည်မှုကြောင့် အကျဉ်းချခံနေရတဲ့သူတွေကို လွှတ်ပေးဖို့၊ စစ်တပ်အတွင်းမှာ လူ့အခွင့်အရေးသင်တန်းပေးပြီး ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့နဲ့ တရားစီရင်ရေးလွတ်လပ်မှုရှိစေဖို့ပဲဖြစ်ပါတယ်။

မစ္စတာကင်းတားနားဟာ နိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ ယုံကြည်မှုကြောင့် အကျဉ်းချထားခံရသူတွေနဲ့ လွတ်လပ်စွာတွေ့ဆုံခွင့်ရဖို့ မေတ္တာရပ်ခံထားပါတယ်။ ဒါ့အပြင် ရခိုင်၊ ကချင်၊ ကရင်ပြည်နယ်တွေကိုလည်း သွားရောက်ဖို့ ရည်ရွယ်ထားကြောင်း ကုလသမဂ္ဂပြန်ကြားရေးဌာနကသတင်းထုတ်ပြန်ပါတယ်။

# နိုင်ငံရေးအကျဉ်းသားလွတ်ပေးရေးလှုပ်ရှားမှု အဲန်အဲလ်ဒီစတင်

**NEJ ၊ ဖေဖော်ဝါရီ ၁၄ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ၆၂ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုစတင်လိုက်ပြီဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာဝင်းနိုင်က ပြောသည်။

အခမ်းအနားသို့တက်ရောက်လာသော အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်များ၊ စီအာရ်ပီပီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပါတီဝင်များက ပလပ်စတစ်အဖြူစပေါ်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်ပေးရေး ဆန္ဒပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်ပေးရေး အဲန်အဲလ်ဒီ၏တောင်းဆိုချက်ကို လူထုကထောက်ခံကြရန် ပန်ကြားချက်ထုတ်ပြန်ပြီး၊ ပြည်ထောင်စုနေ့အခမ်းအနား၌ လှုပ်ရှားမှုစတင်ပြီဖြစ်ကြောင်း တရားဝင်စတင်လိုက်ပါသည်။

အဖွဲ့ချုပ်၏ပြည်ထောင်စုနေ့အခမ်းအနားကို အာဏာပိုင်များက လူ ၅၀ ထက် မပိုရန်၊ အသံချဲ့စက်မသုံးရန် စသည်ဖြင့် ကြိုတင်ကန့်သတ်ချက်များပြုခဲ့ကာ ကျင်းပနေစဉ်အတွင်းလည်း လုံခြုံရေးအများအပြားဖြင့် စောင့်ကြည့်နေကြောင်း၊ တက်ရောက်ခဲ့သူတဦးက ပြောသည်။

ထောက်လှမ်းရေးတွေ၊ အက်စ်ဘီတွေလည်း ဆိုင်ကယ် ၂၅ စီးလောက်နဲ့ ရုံးချုပ်မျက်နှာခြင်းဆိုင်ကနေ စောင့်ကြည့်နေကြတယ်၊ အမိကရုဏ်းနှိမ်နင်းရေးကားတွေလည်း ပတ်နေတယ်၊ စွမ်းအားရှင်တွေတင်ထားတဲ့ဒိုင်နာကား လေးငါးစီးကတော့ ရုံးချုပ်မျက်စောင်းထိုးကနေ ရပ်စောင့်နေကြတယ်။

ပြည်ထောင်စုနေ့အခမ်းအနားကို နေ့လယ် ၁၂ နာရီခွဲလောက်တွင် ကျင်းပခဲ့ကြောင်းဒေါက်တာဝင်းနိုင်က ပြောသည်။ အဲန်အဲလ်ဒီမှထုတ်ပြန်သော ၆၂ နှစ်မြောက် ပြည်ထောင်စုနေ့ကြေညာချက်ကို ဦးအုန်းကြိုင်က ဖတ်ကြားခဲ့ သည်။ နအဖ၏ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုနေ့အထိမ်းအမှတ်သဝဏ်လွှာတွင် နအဖ၏လမ်းပြမြေပုံအောင်မြင်ရေးကို အသားပေးတိုက်တွန်းထားသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီတိုးတက်ဖွံ့ဖြိုးမှုကို နှောင့်ယှက်လိုသူများအား တားဆီးရန်လည်း တောင်းဆိုထားသည်။

# မစ္စတာဂမ်ဘာရီ ဂျပန်သို့ရောက်ရှိ

## နိုင်ငံတကာလက်ခံမည့်ရွေးကောက်ပွဲကျင်းပနိုင်ရေးနအဖအားတိုက်တွန်း

**VOB ၊ ဖေဖော်ဝါရီ ၁၂ ။** ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ၏ မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီဟာ ဂျပန်နိုင်ငံ ကိုရောက်လာပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟီရိုးဖူမိ နာကာဆိုနေနဲ့ မြန်မာ့အရေး ကို ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

နိုင်ငံခြားရေးဌာနက ထုတ်ပြန်တဲ့ကြေညာချက်တခုမှာ သူတို့နှစ်ဦးဟာ မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ သက်ဆိုင်သူတွေအားလုံးပါဝင်နိုင်ဖို့လိုတယ်ဆိုတဲ့အချက်ကို သဘောတူခဲ့ကြတယ်လို့ဆိုပါတယ်။ အဲဒါအပြင် သူတို့နှစ်ဦးဟာ ၂၀၁၀ မှာ မြန်မာနိုင်ငံတွင်း ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး မြန်မာစစ်အာဏာပိုင်တွေကိုအားပေးကြောင်းနဲ့ ဒီရွေးကောက်ပွဲဟာ နိုင်ငံတကာအသိုင်းအဝိုင်းကလက်ခံချီးကျူးမယ့်ရွေးကောက်ပွဲဖြစ်ဖို့လိုတယ်ဆိုတဲ့အကြောင်းကိုလည်း သဘောတူတယ်လို့ ကြေညာချက်က ဆိုပါတယ်။

အပယ်ခံမြန်မာစစ်အာဏာပိုင်တွေရဲ့ အကောင်းဘက်ကိုဦးတည်တဲ့လုပ်ဆောင်ချက်တွေကို ကမ္ဘာက အကောင်းဘက်ကနေပြန်လည်တုံ့ပြန်မယ်ဆိုတာကို မစ္စတာနာကာဆိုနေက မစ္စတာဂမ်ဘာရီကိုပြောဆိုခဲ့တယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံခြားရေးဌာနက မြန်မာ့အရေးနဲ့ပတ်သက်ပြီး တာဝန်ရှိသူတဦးက မြန်မာစစ်အစိုးရရဲ့ဆောင်ရွက်ချက်တွေထဲမှာ အကောင်းဘက်ဆောင်တဲ့လုပ်ရပ် နည်းနည်းပါးပါးလောက်ပဲရှိပေမဲ့လည်း ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်မယ်လို့ကြေညာလိုက်တာက အင်မတန်မှကိုကြီးမားတဲ့ခြေလှမ်းဖြစ်တယ်လို့ ပြောဆိုပါတယ်။

မစ္စတာဂမ်ဘာရီဟာ ဂျပန်ကိုမရောက်မီမှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျဲချီ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဟီယာဖဲတို့နဲ့ မြန်မာပြည် ၄ ရက်တာခရီးအတွင်းကအခြေအနေတွေကို ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

မစ္စတာဂမ်ဘာရီဟာ သူ့ရဲ့နောက်ဆုံးသွားခဲ့တဲ့မြန်မာပြည်ခရီးနဲ့ပတ်သက်ပြီး ဖေဖော်ဝါရီ ၂၀ ရက်နေ့ကျရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာအစီရင်ခံမယ်လို့ လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဂျပန်မှ ယုကီအိုတာကာ့ဆုက ပြောဆိုလိုက်ပါတယ်။

# ဂမျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် ထောင်ဝင်စာတွေ့ ခွင့်ရ

**FRA ၊ ဖေဖော်ဝါရီ ၁၃ ။** ။ မြန်မာစစ်အစိုးရက နိုင်ငံရေအကျဉ်းသားတွေ ထောင် ဝင်စာတွေ့ခွင့်ကို လွန်ခဲ့တဲ့ဇန်နဝါရီလအတွင်းကပိတ်ပင်ခဲ့ပေမဲ့ အခု ဖေဖော်ဝါ ရီလမှာတော့ ပြန်လည်တွေ့ခွင့်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်မိုင်းဆတ်ထောင်မှာအကျဉ်းကျနေတဲ့ ဂဂ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကို သူ့ရဲ့ညီဖြစ်သူ ကိုအောင်ထွန်းက ထောင်ဝင်စာတွေ့ခွင့်ရပြီး မနေ့က ရန်ကုန်ကိုပြန်ရောက်လာခဲ့ပါတယ်။ ကိုကိုကြီးရဲ့ကျန်းမာရေးအခြေအနေတချို့ကို အခုလိုပြောပြပါတယ်။

အစကတည်းက သူက ရောဂါရှိတာကိုး၊ ပြီးတဲ့အခါက်က ခရီးကြမ်း၊ ရာသီဥတုကကြမ်းနဲ့ ပြီးတော့ အစားအသောက်လည်း အပြောင်းအလဲနဲ့ဆိုတော့ ပိုပြီးတော့ဒဏ်ပိတာပေါ့၊ အခုတော့ နေသားကျသွားလို့လားတော့မသိဘူး သက်သာလာပါပြီ။ အရင်တခေါက် လေယာဉ်နဲ့ပို့လိုက်တဲ့ဆေးတွေပေးလိုက်တာကိုး၊ အဲဒီဆေးတွေလည်းသောက်တယ်၊ သူက အစားအသောက်အနေအထိုင် အားလုံးဆင်ခြင်တော့ အဲဒါကြောင့်လည်း သက်သာလာတယ်။

ကိုအောင်ထွန်းက ထောင်တွင်းကနေ ပြင်ပမှာဖြစ်ပေါ်ပြောင်းလဲနေတဲ့နိုင်ငံရေးအခြေအနေမှန်တွေကို သိဘို့ခက်ခဲတဲ့အကြောင်း နောက်ထပ် ထောင်တွင်းအခြေအနေနဲ့ သွားတွေ့ရတဲ့ခရီးစဉ်အကြောင်းတွေကိုလည်း ဆက်ပြောပါတယ်။

သတင်းက တော်တော်ပြတ်တယ်၊ မိုင်းဆတ်ဆိုတော့ သတင်းစာတောင် တလကြာလို့ နောက်ကျမှရောက်တဲ့ဟာမျိုးတွေရှိတယ်၊ ထောင်တွင်းကတော့ ငွေပို့ထားတော့ ငွေနဲ့မှာစားလို့ရတယ်လေ၊ ပုံမှန် ထောင်မှာကျွေးတာတော့ ရှိတာပေါ့၊ ဆေးဝါးလည်း ဒီလိုပါပဲ၊ ဒီကပို့ထားတာတွေရှိတာပေါ့၊ ကျန်းမာရေးကတော့ မြို့နယ်ဆရာဝန်နဲ့ လိုအပ်ရင်ခေါ်တွေ့ပေးတာပေါ့၊ ပထမတုန်းကတော့ စမ်းသွားရတာဆိုတော့ ပင်ပန်းတာပေါ့၊ ဒီတခေါက်တော့ လေယာဉ်နဲ့ပဲသွားလိုက်တော့ အရင်ကထက်စာရင် သက်သာပါတယ်၊ ဒါပေမဲ့ လေယာဉ်က ပျောက် တယ်၊ မိုင်းဆတ်လေယာဉ်ပျောက်နေတာ တာချီလိတ်ကနေပြီးတော့ ကားနဲ့ ဆက်တက်ရတယ်၊ မိုင်းဆတ်ကို ဒီတခေါက် ၄ ရက်ကြာတယ်၊ အဲဒါတောင် အပြန်လေယာဉ်ပျောက်သေးတယ်၊ မြန်မာ့လေကြောင်းက။ အဲဒါတောင် မန္တလေးနဲ့ပဲ ပြန်လာခဲ့ရတယ်။

မိုင်းဆတ်ထောင်မှာ နိုင်ငံရေးအကျဉ်းသား ကိုကျော်ဆန်း၊ ကိုဝေလွင်မျိုး ကိုသိန်းဝင်းတို့ဖြစ်ပြီး ဝေးလွန်းလို့ မိသားစုတွေလာမတွေ့နိုင်ဘူးလို့ပြောပါတယ်။

# ဗမာစစ်အစိုးရနဲ့ကိုရီးယားပြဿနာ

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်

တောင်ကိုရီးယားနဲ့ချုပ်ဆိုထားတဲ့သဘောတူစာချုပ်အားလုံးကို ဖျက်သိမ်းလိုက်ပြီလို့ မြောက်ကိုရီးယားကွန်မြူနစ်အစိုးရက လွန်ခဲ့တဲ့လကုန်ကကြေညာတယ်။ အနုမြူလက်နက်ထုတ်လုပ်ရေးစီမံကိန်းကိုဖျက်သိမ်းမှသာ မြောက်ကိုရီးယားကိုစီးပွါးရေးထောက်ပံ့နိုင်မယ်လို့ တောင်ကိုရီးယားသမ္မတပြောတာကိုတုံ့ပြန်တဲ့အနေနဲ့ ၂ နိုင်ငံစာချုပ်အားလုံးကို တဖက်သတ်ဖျက်သိမ်းကြောင်းကြေညာတာပဲ။ ရက်အနည်းငယ်ကြာတော့ တာဝေးပစ်ဒုံးပျံစမ်းသပ်ဖို့ မြောက်ကိုရီးယားကပြင်ဆင်နေပြီဆိုတဲ့သတင်း ထွက်လာတယ်။ ၂၀၀၆ ခုနှစ်ကလည်း တာဝေးပစ်ဒုံးပျံစမ်းသပ်ပေမယ့် မအောင်မြင်ဘူး။ ဒီလိုမြီမ်းခြောက်ခံရပေမယ့် မူဝါဒအတိုင်း ခိုင်ခိုင်မာမာရပ်တည်မယ်လို့ တောင်ကိုရီးယားသမ္မတကပြောတယ်။

ဗမာစစ်အစိုးရနဲ့ မြောက်ကိုရီးယားအစိုးရ ပုံမှန်သံတမန်ဆက်သွယ်ရေးပြန်လုပ်ပြီး ၂ နှစ်နီးပါးအကြာမှာ အခုလို ကိုရီးယားပြဿနာ ပြန်လည်သက်ဝင်လှုပ်ရှားလာတာပဲ။ ကိုရီးယားပြဿနာ ရန်ကုန်အထိရောက်လာလို့ မဆလစစ်အစိုးရဟာ ၁၉၈၃ မှာ မြောက်ကိုရီးယားနဲ့ သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့ရတယ်။ အာဇာနည်ဗိမာန်ကိုဂါရဝပြုဖို့လာတဲ့ တောင်ကိုရီးယားသမ္မတနဲ့အဖွဲ့ကို မြောက်ကိုရီးယားထောက်လှမ်းရေးက ဗုံးဖောက်ခွဲတိုက်ခိုက် လို့ မြန်မာအမှုထမ်း ၄ ဦးအပါအဝင် ၂၀ ကျော်သေဆုံးသွားတယ်။ တောင်ကိုရီးယားသမ္မတကတော့ သီသီလေးလွတ်သွားတယ်။

ဒါပေမဲ့ လက်ရှိစစ်အစိုးရဟာ စစ်ပစ္စည်းနဲ့ အတတ်ပညာလိုချင်တဲ့အတွက် မြောက်ကိုရီးယားနဲ့ တိုးတိုးတိတ်တိတ်ပြန်လည်ဆက်သွယ်ပြီး ၂၀၀၇ ခုနှစ် ဧပြီလမှာ ပုံမှန်သံတမန်ဆက်သွယ်ရေး ပြန်လုပ်တယ်။ ကြပ်ပြေးနေပြည်တော်မှာ ပထမဆုံးဖွင့်မယ့်သံရုံးဟာ မြောက်ကိုရီးယားသံရုံးပဲဖြစ်လိမ့်မယ်လို့ ရန်ကုန်သံတမန်အသိုင်းအဝိုင်းက ထင်ကြေးပေးကြတယ်။ မြန်မာ့ရေနံနဲ့ ဓါတ်ငွေ့လုပ်ငန်းမှာ တောင်ကိုရီးယားကရင်းနှီးမြှုပ်နှံထားပေမယ့် မြန်မာပြည်ကိုစစ်ပစ္စည်းမတင်ပို့ဘို့ ပိတ်ပင်ထားတယ်။ ဒါကြောင့် လက်နက်ပစ္စည်းကို မြောက်ကိုရီးယားဆီကရယူတာ ဖြစ်ပုံရပါတယ်။ မြောက်ကိုရီးယားနဲ့မြန်မာဟာ လျှို့ဝှက်တဲ့အစိုးရတွေဖြစ်လို့ သူတို့လုပ်နေတာကိုသိနိုင်ဘို့ ခက်ခဲတယ်။

လွန်ခဲ့တဲ့ဂျန်နဝါရီလမှာ မြောက်ကိုရီးယားတဦးသေဆုံးလို့ မိတ္ထီလာမှာမီးသင်္ဂြိုဟ်လိုက်ရတယ်ဆိုတဲ့သတင်း ထွက်လာတယ်။ လက်နက်စက်ရုံနဲ့ ကြပ်ပြေးနေပြည်တော်မှာ မြေအောက်လိုဏ်ခေါင်းတူးရာမှာ မြောက်ကိုရီးယားတွေပါဝင်နေတယ်ဆိုတဲ့သတင်းလည်း ကြားရတယ်။ မြောက်ကိုရီးယားစစ်ဌာနချုပ်ကို မြေအောက်မှာလိုဏ်ခေါင်းတူးပြီးတည်ဆောက်ထားတာမို့ ဒီပုံစံအတိုင်း ဗမာစစ်ဗိုလ်ကတည်ဆောက်နေပုံရတယ်လို့ ခန့်မှန်းနေကြတယ်။ မြောက်ကိုရီးယားရဲ့စစ်ရေးအကူအညီကိုယူပြီး တောင်ကိုရီးယားရဲ့စီးပွါးရေးအကူအညီကိုရယူနေတဲ့မြန်မာပြည်မှာ ကိုရီးယား ၂ နိုင်ငံရဲ့ပြဿနာဟာ ဂယက်ရိုက်လာဖွယ်ရှိတယ်လို့ သုံးသပ်ကြတယ်။

ဒါကိုစိုးရိမ်လို့ လွန်ခဲ့တဲ့ဒီဇင်ဘာလဆန်းပိုင်းက မြန်မာပြည်ထဲလမ်းမှားပြီးဝင်လာတဲ့ မြောက်ကိုရီးယားပြည်ပြေးဒုက္ခသည် ၁၉ ဦးကို ဗမာစစ်အစိုးရ က တလလောက်ထိန်းသိမ်းပြီးမှ လွှတ်ပေးလိုက်ရတယ်။ တိုင်းပြည်ကထွက်ပြေး သူကို ရာဇဝတ်မှုကျူးလွန်သူအဖြစ် မြောက်ကိုရီးယားကသတ်မှတ်ထားတဲ့ အတွက် ရုံးတင်စစ်ဆေး အပြစ်ပေးရမလိုဖြစ်သွားတာပါပဲ။ ဒါပေမဲ့ မြောက်ကိုရီးယားဒုက္ခသည် ၁၉ ဦးထဲမှာ တောင်ကိုရီးယားမှာရောက်ပြီးဖြစ်တဲ့ မြောက်ကိုရီးယားမိခင်တွေရဲ့ ကလေး ၄ ဦးပါဝင်နေတာရယ်၊ တောင်ကိုရီးယားရှေ့နေအချို့က မြန်မာပြည်သွားပြီးဆွေးနွေးလိုတာရယ်၊ တောင်ကိုရီးယားအစိုးရကလည်း ဒုက္ခသည်လွှတ်မြောက်ရေး ကြိုးပမ်းနေတာရယ် စတာတွေကြောင့် မြောက်ကိုရီးယားဒုက္ခသည်ကိစ္စဟာ အကျယ်အကျယ်မငြိမ်းဖွယ်ရှိလို့ လွှတ်ပေးလိုက်တာလို့မြင်ကြတယ်။

ဒီနေရာမှာ ဗမာစစ်အစိုးရဟာ တရုတ်နဲ့ဗီယက်နမ်နည်းကို သုံးပုံရပါတယ်။ မြောက်ကိုရီးယားဒုက္ခသည်တွေဟာ တရုတ်–မြန်မာ–ထိုင်း–လာအို–ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်ကတဆင့် တောင်ကိုရီးယားကိုဝင်နေတာ ကြာပါပြီ။ ဒီနိုင်ငံတွေဟာ မြောက်ကိုရီးယားအစိုးရနဲ့ ပြဿနာမဖြစ်ချင်လို့ ဒုက္ခသည်လက်မခံချင်ကြဘူး။ ဒါပေမဲ့ မြောက်ကိုရီးယားကိုပြန်ပို့တာက ရှားတယ်။ ဗီယက်နမ်ဟာ မြောက်ကိုရီးယားဒုက္ခသည်ငါးရာကို ၂၀၀၄ ခုနှစ်က လေကြောင်းက တောင်ကိုရီးယားကိုပို့ပေးခဲ့တယ်။ ထိုင်းနိုင်ငံကလည်း မြောက်ကိုရီးယားဒုက္ခသည်ကို တောင်ကိုရီးယားအထိပုံမှန်ပို့ပေးနေတာ တနှစ် ၁၀၀၀ လောက်ရှိတယ်။ ဒီလိုနဲ့ တောင်ကိုရီးယားကိုရောက်သွားသူ ၁၄,၀၀၀ လောက်ရှိတယ်။

ဝတ်မွတ်ခေါင်းပါးတဲ့ဒဏ်မခံနိုင်တော့တဲ့မြောက်ကိုရီးယားတွေဟာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက တရုတ်ပြည်ကိုထွက်ပြေးလေ့ရှိတာကြောင့် တရုတ်ပြည်မှာ ငါးသောင်းလောက်ရှိနိုင်တယ်လို့ အမေရိကန်နိုင်ငံခြားရေး ဌာနက ခန့်မှန်းတယ်။ NGO တသီးပုဂ္ဂလအဖွဲ့အချို့ကတော့ သုံးသိန်းလောက်ရှိနိုင်တယ်လို့ဆိုတယ်။ အများအားဖြင့် ကိုရီးယားအနွယ်ဝင်တရုတ်တွေနေထိုင်ရာ ယန်ပြန်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဆိုတဲ့ တရုတ်ပြည်တောင်ပိုင်းကို ဦးတည်ပြီးသွားကြတယ်။ ကိုရီးယားအနွယ်ဝင်တရုတ်တွေဟာ အသစ်ရောက်ရှိလာတဲ့ ကိုရီးယားတွေကို အကူအညီပေးကြတယ်။

တရုတ်အစိုးရဟာ ကိုရီးယားဒုက္ခသည်ကို နိုင်ငံရေးခိုလှုံခွင့်မပေးပါဘူး။ ၁၉၈၆ သဘောတူချက်အရ ဝင်ရောက်လာတဲ့ကိုရီးယားကိုပြန်ပို့ဘို့ တရုတ်အစိုးရမှာတာဝန်ရှိတယ်။ ဒါပေမဲ့ ပြန်ပို့ခံရသူတွေ မြောက်ကိုရီးယားမှာ နှိပ်စက်ညှဉ်းပန်းခံရတာကိုသိတဲ့အတွက် ပြဿနာမဖြစ်ရင် ပြန်မပို့တာကများ တယ်။ မြောက်ကိုရီးယားအစိုးရလည်း ထွက်ပြေးသူကို ရာဇဝတ်သားလို့သတ်မှတ်ပေမယ့် သူ့ကိုအန္တရာယ်မပေးနိုင်ဘူးလို့ ယူဆပုံရပါတယ်။ နှစ်ပေါင်းအတော်ကြာထွက်ပြေးနေတာကိုကြည့်ရင် နိုင်ငံရေးအရအရေးကြီးတယ်လို့ မြောက်ကိုရီးယားအစိုးရက ယူဆဟန်မတူဘူး။

ဒါပေမဲ့ တရုတ်ပြည်မှာနေရတာ အမြဲတမ်း ကျီးလန့်စာစားဖြစ်နေ တယ်။ တရားဝင်နေထိုင်ခွင့်မရသူတွေဖြစ်လို့ အဖမ်းခံရမှာနဲ့ ပြန်ပို့ခံရမှာ အမြဲစိုးရိမ်နေရတယ်။ အရှေ့တောင်အာရှနဲ့ Mongolia ကိုထွက်ခွါဘို့ကြိုးစားကြတယ်။ ဘဝရပ်တည်ရေးအတွက် တရုတ်အမျိုးသားနဲ့ပေါင်းသင်းလိုက်ရတဲ့ ကိုရီးယားအမျိုးသမီးတွေလည်းရှိတယ်။

အမေရိကန်ကွန်ဂရက်လွှတ်တော်က ၂၀၀၄ မှာ မြောက်ကိုရီးယားလူ့အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းတယ်။ မြောက်ကိုရီးယားကို ဒုက္ခသည်အဖြစ်အမေရိကန်မှာနေခွင့်ပြုတဲ့ဥပဒေပါပဲ။ မြန်မာပြည်ထဲဝင်လာတဲ့မြောက်ကိုရီးယားဒုက္ခသည်တွေကို မူလအစီအစဉ်အတိုင်း ရုံးတင်စစ်ဆေးမယ်ဆိုရင် ဟိုးလေးတကျော်ဖြစ်လာနိုင်ပြီး ကိုရီးယားပြဿနာဟာ မြန်မာပြည်ကိုရောက်လာနိုင် တယ်။ မြန်မာပြည်ရောက်မြောက်ကိုရီးယားတွေကို အာရုံစိုက်လာနိုင်တယ်။ သူတို့လာရာအရပ်ကိုပြန်ပို့မယ်ဆိုရင် တရုတ်ပြည်ကိုပြန်ပို့ရပါလိမ့်မယ်။ အဲဒီလိုဆိုရင် တိုးတိုးတိတ်တိတ်လုပ်နေတဲ့ တရုတ်ရဲ့ဒုက္ခသည်ပြဿနာကို မီးမောင်းထိုးလိုက်သလို ဖြစ်သွားနိုင်တယ်။ ဒါကြောင့် တရုတ်ဆရာကြီးရဲ့အကြံပေးချက်အတိုင်း မြောက်ကိုရီးယားဒုက္ခသည်တွေကို ဗမာစစ်အစိုးရကလွှတ်ပေးလိုက်ရတာ ဖြစ်ပုံရတယ်။

# ၂၀၁၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ ပါဝင်လိမ့်မည်မဟုတ်

**RFA ၊ ဖေဖော်ဝါရီ ၁၂ ။** ။ စစ်အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြန်လည်ပြင်ဆင်ပြီးတော့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကျင်းပဖို့ တိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့အစည်းတွေက ၆၂ ကြိမ်မြောက် ပြည်ထောင်စုနေ့မှာ တောင်းဆိုလိုက်ပါတယ်။

ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီတွေဦးဆောင်ပြီး ပြည်ထောင်စုနေ့ညစာစားပွဲကို ရန်ကုန်မြို့ကစားသောက်ဆိုင်တခုမှာ ဒီကနေ့ညနေပိုင်းက ကျင်းပခဲ့ပါတယ်။ စစ်အစိုးရကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲကို လက်ရှိ တိုင်းရင်းသားပါတီအဖွဲ့အစည်းတွေအနေနဲ့ ပါဝင်ယှဉ်ပြိုင်မှာမဟုတ်ဘူးလို့ စီအာရ်ပီပီရဲ့ အတွင်းရေးမှူး ဦးအေးသာအောင်က ဒီကနေ့ မိတ်ဆုံစားပွဲမှာ ပြောဆိုသွားပါတယ်။

အဓိကကတော့ ၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲလုပ်ပြီးအတည်ပြုခဲ့ပေမဲ့ ဒီဖွဲ့စည်းပုံဟာ တိုင်းရင်းသားတွေလိုလားတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းစုတွေရဲ့အခွင့်အရေးတွေကို ဖော်ဆောင်ထားတဲ့ဖွဲ့စည်းပုံမဟုတ်တဲ့အတွက်ကြောင့် ဒီဖွဲ့စည်းပုံနဲ့ ရေးဆွဲတဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလည်းပဲ တိုင်းရင်းသားပါတီများအနေနဲ့ လက်ခံမှာမဟုတ်ဘူး၊ ရွေးကောက်ပွဲကို စဉ်းစားမှာမဟုတ်ဘူးဆိုတာကိုတော့ တိုင်းရင်းသားပါတီအားလုံးက တသဘောတည်းရှိကြပါတယ်။

ပြည်ထောင်စုနေ့မိတ်ဆုံစားပွဲကို ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်း တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ နှစ်စဉ်ကျင်းပခဲ့ကြပါတယ်။ စစ်အစိုးရဘက်ကလည်း တရားဝင်ခွင့်မပြုပဲ အမျိုးမျိုးတားဆီးပိတ်ပင်ခဲ့ပါတယ်။ ဒီကြားထဲကပဲ နှစ်စဉ် ခက်ခက်ခဲခဲကျင်းပခဲ့ရတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

ပြည်ထောင်စုနေ့ကို နှစ်စဉ်ပေါ့၊ တိုင်းရင်းသားတွေအနေနဲ့ နိုင်ငံရေးပါတီတရပ်ခေါင်းဆောင်တဲ့ ပြီးတော့ ဒီမိုကရေစီအင်အားစုတွေ၊ ဟိုတုန်းကဆိုရင် ကျောင်းသားခေါင်းဆောင်တွေပေါ့၊ အခုကတော့ ကျောင်းသားခေါင်းဆောင်တွေ မရှိတော့ အဲန်အဲလ်ဒီက စီအီးစီတချို့ပေါ့၊ ပြီးတော့ အဲန်အဲလ်ဒီက ထင်ရှားတဲ့ ခေါင်းဆောင်တွေအားလုံးဆုံပြီးတော့ မိတ်ဆုံစားပြီးတော့ ပြည်ထောင်စုနေ့အနေနဲ့ အထိမ်းအမှတ်ညစာစားပွဲကျင်းပတာပဲ။

အနာဂတ်မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ပြည်ထောင်စုကြီးပေါ်ပေါက်ဖို့အတွက် တိုင်းရင်းသားတွေအားလုံးမှာ တာဝန်ရှိတယ်လို့ တက်ရောက်လာတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံးက ဒီအခမ်းအနားမှာ သဘောတူညီခဲ့ကြပါတယ်။

---

# ဗိုလ်ချုပ်မွေးနေ့အမှတ်တရအလှူပွဲပြုလုပ်

**RFA ၊ ဖေဖော်ဝါရီ ၁၃ ။** ။ ဒီကနေ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာကျရောက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၉၄ နှစ်မြောက်မွေးနေ့ ဒါမှမဟုတ် မြန်မာနိုင်ငံကလေးများနေ့ကို အမှတ်တရဖြစ်စေဖို့ရည်ရွယ်ပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အပတ်စဉ်အင်္ဂါနေ့တိုင်းဆုတောင်းတဲ့အဖွဲ့ကဦးစီးပြီး ဒဂုံမြို့သစ်တောင်ပိုင်း ၅၄ ရပ်ကွက် သဇင်လမ်းမှာ အမှတ်တရအလှူပွဲတခု ကျင်းပခဲ့ပါတယ်။ ဒီပွဲကို ဦးဆောင်ကျင်းပသူတဦးဖြစ်တဲ့ နော်အုန်းလှက အခုလိုပြောပြပါတယ်။

ကလေးတွေကိုလည်း ဒါကိုသိအောင်၊ နောက်တချက်က ကျမတို့က ဒီလိုလုပ်တဲ့အတွက် ကလေးတွေက အခုဆိုလို့ရှိရင် ဒီရပ်ကွက်ပဲ ဒီလမ်းပဲ သိတာပေါ့။ တကယ်တမ်းကျလို့ရှိရင် ကိုယ့်ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျမတို့တတ်နိုင်သမျှ ဒါကိုလုပ်ရခြင်းဖြစ်တယ်၊ နောက်ပြီး ဒီလိုမျိုးဆောင်ရွက်လိုစိတ်ရှိအောင်လည်း ကျန်တဲ့သူတွေကို ကျမတို့လုပ်ပြတဲ့အနေနဲ့ပေါ့၊ ကျမတို့ ဒါကိုရည်ရွယ်ပြီးတော့လုပ်တာပါ။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၉၄ နှစ်ပြည့်မွေးနေ့အလှူပွဲအကြောင်းနဲ့ ကလေးတွေကိုသကြားလုံးဝေပြီး ဗိုလ်ချုပ်အောင်ဆန်းကဗျာကိုရွတ်ခိုင်းတဲ့အခါ ကောင်းကောင်းမရွတ်တတ်ပုံကို နော်အုန်းလှကဆက်ပြောပါတယ်။

ကလေးတွေရော၊ လူကြီးတွေပါ လာစားတာက ၂၀၀ ကျော်ပြီလို့ပြောလို့ရတယ်၊ ကလေးတွေ သကြားလုံးလုကြတော့ ကျမတို့က ဒီအတိုင်းမပေးနိုင်ဘူး၊ ဒို့ဗိုလ်ချုပ်ကဗျာ အစအဆုံးဆိုပြရင် သကြားလုံး ၅ လုံးပေးမယ်လို့ပြောတော့ ကလေးအတော်များများက အစအဆုံးမဆိုနိုင်တာတွေ့ရတယ်၊ ကျမထောက်ပေးတာတောင်မှ အဆုံးမဆိုတတ်ဘူး။

သူတို့ရဲ့အလှူပွဲကို အာဏာပိုင်တွေအနေနဲ့ ဘယ်လိုစောင့်ကြည့်ဟန့်တားတာတွေရှိခဲ့ပါသလဲလို့ မေးကြည့်တဲ့အခါ အခုလိုဖြေပါတယ်။

ဆရာမတွေကိုခေါ်ပြောတယ်တဲ့၊ ကျောင်းလွှတ်ချိန်ကျရင် ကလေးတွေ ကို ထမင်းမစားစေနဲ့ပေါ့၊ ကျမတို့က ထမင်းကျွေးမှာကိုး၊ ခုနတုန်းက ခေတ်ပုံတွေဘာတွေလာရိုက်တယ်၊ ထမင်းကျွေးတဲ့အချိန်တုန်းကပေါ့နော်၊ ကျမကမေးလိုက်တယ်၊ ရှင်တို့ ကလေးတွေကို ထမင်းလာမစားရဘူးလို့ ဆရာမကိုပြောတယ်ဆိုလို့ဆိုတော့ မပြောပါဘူးတဲ့၊ လုပ်ချင်တယ်ဆိုရင် သူတို့ ဒီနိုင်ငံမှာ အချိန်မရွေး ဖမ်းချင် ဖမ်းလို့ရတာပဲလေ၊ ကျမတို့ဘာမှမလုပ်လဲ ဖမ်းချင်ဖမ်းမှာပဲ။

ဗိုလ်ချုပ်မွေးနေ့ပွဲကို တောင်ဒဂုံ ၇၀ ရပ်ကွက်မှာလည်းလုပ်တယ်လို့ ပြောပါတယ်။

---

# ငွေစက္ကူပေါ် ဗိုလ်ချုပ်ပုံကို
# မျိုးဆက်သစ်လူငယ်များ တံဆိပ်နှိပ်

**RFA ၊ ဖေဖော်ဝါရီ ၁၂ ။** ။ General Wave လို့ လူသိများတဲ့ မျိုးဆက်သစ်လူငယ်များအစည်းအရုံးကလူငယ်တွေဟာ မနက်ဖြန်မှာကျရောက်မယ့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၉၄ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ်ရည်ရွယ်တဲ့ ငွေစက္ကူလှုပ်ရှားမှုကို ရန်ကုန်နဲ့နယ်မြို့တွေမှာပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဒီလှုပ်ရှားမှုနဲ့ပတ်သက်ပြီး မျိုးဆက်သစ်လူငယ်များအစည်းအရုံးမှ ကိုမိုးသွေးက အခုလိုပြောပြပါတယ်။

ကျနော်တို့ ဒီလှုပ်ရှားမှုကိုစခဲ့တာက နိုဝင်ဘာလဆန်းလောက်ကတည်းကပါ။ နေရာကတော့ အနှံ့အပြားပါပဲ၊ နယ်မြို့တွေမှာရောခွဲပြီးတော့ ကျနော်တို့ လုပ်ခဲ့ကြပါတယ်။ ကျနော်တို့က နေ့စဉ်သုံးနေတဲ့ ပြည်သူတွေသုံးနေတဲ့ပိုက်ဆံတွေကြားထဲမှာရောပြီးတော့မှ ကြုံရင်ကြုံသလို လုပ်သွားတဲ့အခါကျတော့ ကျနော်တို့ ငွေအတော်များများမှာပဲ ကိုယ်သုံးတဲ့ပိုက်ဆံတော်တော်များများမှာ လုပ်ခဲ့ကြတယ်။ လုပ်ခဲ့တယ်ဆိုတော့ သူလိုငါလိုပဲ အရွက်အရေအတွက် ငွေပမာဏအရေအတွက်တော့ အဲလိုမျိုးအတိအကျတော့ မှတ်တမ်းတင်ထားတာမရှိဘူး၊ ဒါပေမဲ့ သေချာတာတခုက နိုဝင်ဘာလကနေပြီး ဒီဇင်ဘာ၊ ဇန်နဝါရီလအထိ ကျနော်တို့ ဒါကို အဆက်မပြတ်လုပ်ခဲ့တယ်ပေါ့လေ။

ဒီလှုပ်ရှားမှုမှာ ပြည်တွင်းသုံးစွဲနေတဲ့ငွေစက္ကူတွေပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုပ်ပုံမှင်တံဆိပ်တွေကိုရိုက်ပြီး တိတ်တဆိတ်ဖြန့်ဝေတာဖြစ်တယ်လို့ ဆိုပါတယ်၊ ဒီလှုပ်ရှားမှုရဲ့ရည်ရွယ်ချက်ကို ကိုမိုးသွေးကရှင်းပြပါတယ်။

ရည်ရွယ်ချက်က အဓိကဘာလဲဆိုတော့ လက်ရှိ ကျနော်တို့နိုင်ငံမှာသုံးနေတဲ့ငွေစက္ကူတွေပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံတွေ မမြင်ရတော့ဘူးလေ၊ ဒီနေရာမှာ ခြင်္သေ့တကောင်ရဲ့ပုံကို အမြဲတမ်းအစားထိုးထားတယ်၊ ဒါက ဘာရည်ရွယ်ချက်နဲ့လုပ်သလဲဆိုတော့ သူတို့ဘက်က တိုင်းပြည်မှာ မတရားမှုတွေကို

**စာမျက်နှာ ၁၈ သို့**

# စစ်တပ်ကို နိုင်ငံရေးလောက၌ မထားရှိရ

ကျော်ကျော်စိုး

စစ်တပ်ဆိုသည့်အဖွဲ့အစည်းသည် ၄င်းရဲ့သဘောသဘာဝအရ နိုင်ငံတွင်းရှိ တခြားအဖွဲ့အစည်းများနှင့် မတူသည့်အတွက် သူ၏နယ်ပယ်၌ သူသာလျှင် အကောင်းဆုံး အတော်ဆုံး အတတ်ဆုံးဖြစ်သည်။ စစ်တပ်ခေါင်းဆောင် များ စစ်ရေးစစ်ရာ၌ ကျွမ်းကျင်မည်ဆိုသည်မှာ မေးခွန်းထုတ်စရာမလိုပေ။ ဤသည်ကလည်း ၄င်းတို့ဘဝတလျှောက်လုံးသည် ထိုကိစ္စများကို စဉ်းစားလုပ်ကိုင်ဖြေရှင်းရင်းနှင့် အချိန်တွေကို ကျော်ဖြတ်ခဲ့ရလို့ပင်ဖြစ်သည်။

ထိုစစ်တပ်ခေါင်းဆောင်များသည် စစ်ရေးစစ်ရာတင်မက တခြားအရေးကိစ္စများကိုလည်း တတ်သိနားလည်းကောင်း နားလည်ပါလိမ့်မည်။ ထိုသို့ သိခြင်း တတ်ခြင်းသည် ပြဿနာမဟုတ်ပေ။ စစ်တပ်တာဝန်ထမ်းဆောင်ရင်း လက်တွေ့အသုံးချသောအခါ နိုင်ငံတွင်း၌ ပြဿနာတက်ခြင်းပဲဖြစ်သည်။

ထိုပြဿနာများကို မြန်မာနိုင်ငံ၌ တတိုင်းပြည်လုံးလက်တွေ့ ခံစားနေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ထို့ကြောင့်လည်း စစ်တပ်ကို နိုင်ငံရေးလောကနှင့် တခြားအရေးကိစ္စတွေနှင့် မပတ်သက်ရန် ဒီမိုကရေစီရေးကြိုးပမ်းနေသူများက ဒုက္ခပေါင်းစုံကို ရင်ဆိုင်ပြီးကြိုးပမ်းနေကြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီ၌ စစ်တပ်ဆိုသည်မှာ စစ်ရေးကိစ္စကိုသာ တာဝန်ထမ်းဆောင်ရ၍ပဲဖြစ်သည်။

စစ်ဆိုသည်မှာ မည်သည့်နိုင်ငံ၌ မဆိုရင်ဆိုင်ကြုံတွေ့နိုင်ရသည့် ကိစ္စရပ်ဖြစ်သည်။ ထိုအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ နိုင်ငံက စစ်တပ်ကို ဖြေရှင်းပေးစေလိုကြသည်။ ဤသည်မှာ မဆန်းပါ၊ ထိုအလုပ်ကို သူတို့ပင်ကျွမ်းကျင်သောကြောင့်တည်း။

သို့သော် ဒီမိုကရေစီနိုင်ငံများ၌ နိုင်ငံ၏လုံခြုံရေးကိုထိခိုက်သော မြိမ်းခြောက်မှုများ၊ စစ်ပွဲများသည် ထိုနိုင်ငံ၏ လူ့အဖွဲ့အစည်းရင်ဆိုင်ရသည့် အရေးကြီးဆုံးကိစ္စဖြစ်သောကြောင့် ထိုကိစ္စကို ပြည်သူများကရွေးချယ်ထားသော ကိုယ်စားလှယ်များမှတဆင့် ဆုံးဖြတ်ကြသည်။ ဒီမိုကရေစီကို ထူထောင်မည်ဟု ပြောနေသော့ မြန်မာပြည်မှစစ်တပ်ခေါင်းဆောင်များက ထိုမြိမ်းခြောက်မှုများ၊ စစ်ပွဲများနှင့်ပတ်သက်သောကိစ္စများ၌ သူတို့သာလျှင်ဦးဆောင်လုပ်မည်၊ တခြားဘယ်သူမျှမလုပ်ရ၊ သူတို့ပင် ဆုံးဖြတ်မည်၊ တခြားသူများ ဝင်ရောက်မစွက်ဖက်ရဟု ဆိုသည်။ ဤသည်ကို သူတို့စိတ်ကြိုက်ရေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်လျှင်သိနိုင်ပေသည်။

တကယ်တမ်းမှု ဒီမိုကရက်တစ်စစ်တပ်ဆိုသည်မှာ နိုင်ငံကိုဦးဆောင်ရသည်မဟုတ်၊ နိုင်ငံကိုအလုပ်အကျွေးပြုရပေသည်။ စစ်တပ်ခေါင်းဆောင်များ အလုပ်က ရွေးချယ်ခံပြည်သူ့ခေါင်းဆောင်များကို စစ်ရေးစစ်ရာကိစ္စများ၌ အကြံပေးရသည်။ သို့သော် ပြည်သူ့ခေါင်းဆောင်များ၏ဆုံးဖြတ်ချက်ကို လိုက်နာရသည်။

ဥပမာတခုပြောပါမည်။ အမေရိကန်တပ်များ အီရတ်မှဆုတ်ခွာရေးကိစ္စ၌ အမေရိကန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုက်မူလဲန် Mike Mullen က သူ့အနေဖြင့် နောက်တက်လာမည့် သမတ ဘာရက်အိုဘားမားကို စစ်ရေးရှုထောင့် ကနေအကြံပေးမည်ဟုပြောခဲ့သည်။ ဤသည်ကလည်း အိုဘားမား က သမတရွေးကောက်ပွဲမတိုင်မီကတည်းက အီရတ်ကနေ အမေရိကန်တပ်များကို ၁၆လအတွင်းရုပ်သိမ်းမည်ဟုဆိုကာ မဲဆွယ်စည်းရုံးမှုများ၌ ပြောခဲ့သည်၊ သို့သော် မိုက်မူလဲန်က ဒီထက်အချိန်ပိုကြာမည်၊ မဖြစ်နိုင်ဘူးဆိုသည့်သဘောကို ထုတ်ပြောခဲ့သည်၊ ထိုသို့ပြောခြင်းမှာ သူသည် စစ်သားဖြစ်သည်၊ စစ်ရေးရှုထောင့်ကနေကြည့်၍ပြောခြင်းဖြစ်သည်၊ သို့သော် သူက သမတ၏ဆုံးဖြတ်ချက်အတိုင်းသာဖြစ်ရမည်ဆိုသည့်သဘောကို ထည့်ပြောသွားခြင်းဖြစ်သည်။ ဤအချက် သည် အလွန်အရေးကြီးပေသည်၊ ဒီမိုကရေစီနိုင်ငံ၌ စစ်တပ်ဆိုသည်မှာ နိုင်ငံရေးသမား၏လက်အောက်၌နေရသည်ဆိုသည်ကို မိုက်မူလဲန်က လက်တွေ့ပြသသွားခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်သူ၏ရွေးချယ်ခံရသူများသာ လုပ်ပိုင်ခွင့်အာဏာရှိပြီး နိုင်ငံ၏ကံကြမ္မာကို ဆုံးဖြတ်ရန်တာဝန်ရှိပေသည်။ သို့သော် မြန်မာနိုင်ငံ၌ စစ်တပ်က တိုင်းပြည်၏ကံကြမ္မာ၊ ပြည်သူများ၏အနာဂတ်ကို ၄င်းတို့သာ ဆုံးဖြတ်ရန် ကြိုးပမ်းနေသည်ကို ကောင်းကောင်းမြင်နိုင်ပေသည်။ ထိုအတိုင်းသာ ဖြစ်လာမည်ဆိုလျှင် မြန်မာပြည် ဒီကနေ့ရင်ဆိုင်နေရသည့် အကျပ်အတည်းပြဿနာသည် ပို၍ပင်ဆိုးလာဦးမည်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် မြန်မာနိုင်ငံ၏ပြဿနာသည် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများဆီ ကူးစက်သွားလိမ့်ဆိုသည်ကို ယခုကတည်းက သတိထားရန်လိုအပ်သည်။

ထို့ကြောင့် အရပ်သားနိုင်ငံရေးသမားများက ထိန်းချုပ်ရန်နှင့် စစ်တပ်အပေါ် အာဏာလွှမ်းမိုးထားရမည်ဆိုသည့်အယူအဆသည် ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ဆိုသည်ကို သိနားလည်ထားရန်လိုအပ်သည်။

အရပ်သားနိုင်ငံရေးသမားတွေက နိုင်ငံ၏စစ်တပ်ကိုညွှန်ကြားရမည်။ နိုင်ငံ၏ကာကွယ်ရေးကိစ္စများကိုဆုံးဖြတ်ရခြင်းမှာ စစ်သားများထက် ပို၍ ကျွမ်းကျင်၍မဟုတ်၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ဆုံးဖြတ်ချက်များချကာ ထိုဆုံးဖြတ်ချက်များအတွက် တာဝန်ခံရသည်။

ဒီမိုကရေစီထွန်းကားသည့်နိုင်ငံ၌ စစ်တပ်သည် နိုင်ငံကိုကာကွယ်ရသည်၊ ပြည်သူလူထု၏လွတ်လပ်မှုကိုကာကွယ်ပေးရသည်။ သို့သော် ယခုလက်ရှိ မြန်မာစစ်အုပ်စုသည် ထိုသဘောတရားနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်၊ ပြည်သူများကို ခြိမ်းခြောက်သည်၊ အနိုင်ကျင့်သည်၊ ၄င်းတို့နဲ့သဘောထားကွဲသူမှန်သမျှကို အကြီးအကျယ်နှိပ်ကွပ်သည်၊ ယခုလတ်တလောမှာပင် ဒီမိုကရေစီရေးလှုပ်ရှားနေသူများအား ထောင်ဒဏ်အကြီးအကျယ်ချနေသည်။ ဥပဒေမဲ့ပြုကျင့်နေသည်၊ ထင်ရာစိုင်းနေသည်၊ ထိုသို့ပြုမှုလုပ်ကိုင်နေသူများသာ အနာဂတ်မြန်မာ့နိုင်ငံရေး၌ ဦးဆောင်နေရာကိုယူထားမည်ဆိုလျှင် တိုင်းပြည်အနာဂတ်အတွက် မည်သို့မျှမတွေးဝံ့ပေ။

စစ်တပ်ဆိုသည်မှာ နိုင်ငံအတွက်ဆိုသည့် ကြီးမြတ်သောကိစ္စများအပေါ် သစ္စာစောင့်သိရသည်။ ထိုအထဲ၌ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ၏ အခြေခံမှုများအပေါ် သစ္စာစောင့်သိရေးလည်းပါဝင်သည်။ လက်ရှိစစ်တပ်ကို ဦးဆောင်နေသည့် နအဖက တတိုင်းပြည်လုံးကို သူ၏ သစ္စာခံဖြစ်ရန် ကြိုးပမ်းနေသည့်အတွက် ဒီမိုကရေစီ၏အခြေခံမှုများကို သစ္စာစောင့်သိရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရေးဆိုသည်မှာ အလှမ်းဝေးလှပေသည်၊ ၄င်းတို့ကိုယ်တိုင်က တရားဥပဒေနှင့်မညီသည့်အရာများကို အကုန်လုပ်နေကြသည်။

စစ်တပ်ရဲ့ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းကို ကာကွယ်ရန်ဖြစ်သည်၊ လူ့အဖွဲ့အစည်းသည် မည်သည့်ပုံစံမျိုးဖြစ်ရမည်ဆိုသည်ကို သတ်မှတ်ရမည်မဟုတ်ပေ။ သိုသော် မြန်မာတပြည်လုံးကို ၄င်းတို့လိုချင်သည့်ပုံစံသွင်း၍ရရန် အခြေခံဥပဒေထဲ၌ ဥပဒေပြုအာဏာနှင့် အုပ်ချုပ်ရေးအာဏာကို ပိုင်ပိုင်နိုင်နိုင်ချုပ်ကိုင်လို့ရမည့်နည်းလမ်းများနှင့် စစ်တပ်ကို အာမခံချက်ပေးထားသော အချက်များကို ထည့်သွင်းထားသည်။ ဆိုလိုသည်က အနာဂတ်၌ စစ်တပ်က လုပ်သည့်အရာများသည် တရားဝင်သည်ဆိုသည်ကို ယခုကတည်းက အာမခံချက်ပေးထားခြင်းဖြစ်သည်။

ဒီမိုကရက်တစ်အစိုးရများအနေဖြင့် လိုက်နာရန်လိုသည့်အချက်ကို ပြောပြပါမည်၊ မည်သည့်ဒီမိုကရက်တစ်အစိုးရမဆို ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာမူဝါဒများကို ဆုံးဖြတ်ချက်ချနိုင်ရန် စစ်သားများ၏ ကျွမ်းကျင်မှုနှင့် အကြံပေးချက်များကို တန်ဖိုးထားရသည်။ အစိုးရ၏ဆုံးဖြတ်ချက်များကို ထမ်းဆောင်ရန် အရပ်သားအရာရှိများသည် စစ်ရေးဆိုင်ရာအကြံပေးချက်များကို အားထား

စာမျက်နှာ ၁၉ သို့

# စစ်အစိုးရအုပ်ချုပ်နေတာ တစည ပါတီလည်းမကြိုက်

**VOA ၊ ဖေဖော်ဝါရီ ၁၊၊ ။** ။ မြန်မာနိုင်ငံမှာ စစ်တပ်အုပ်ချုပ်မှုကနေ အရပ်သား အုပ်ချုပ်မှုကိုပြောင်းလဲပစ်ဖို့ မဖြစ်မနေလိုအပ်တယ်လို့ မဆလပါတီတဖြစ်လဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) က ပြောကြားလိုက်ပါတယ်။ ဗွီအိုအေနဲ့မေးမြန်းမှုမှာ စစ်အစိုးရရှိနေတဲ့အတွက် လက်ရှိ မြန်မာနိုင်ငံမှာပြဿနာမျိုးစုံနဲ့ကြုံနေရတယ်လို့ မဆလနိုင်ငံခြားရေးဝန်ကြီးဟောင်း တစညခေါင်းဆောင်တဦးဖြစ်တဲ့ ဦးချစ်လှိုင်ကပြောပါတယ်။

အခု စစ်အစိုးရရေးဆွဲထားတဲ့ဖွဲ့စည်းပုံမှာ တိုင်းရင်းသားအားလုံး အတွက် တန်းတူညီမျှတဲ့ အခွင့်အရေးတွေ၊ ကိုယ်ပိုင်အခွင့်အရေးတွေပါဝင်တယ် ထင်ပါသလားလို့မေးတဲ့အခါ ဦးချစ်လှိုင်က အခုလို စဖြေပါတယ်။

ဒါတော့ ယူဆပါတယ်၊ ယူဆလို့လည်း ကျနော်တို့ ထောက်ခံခဲ့ပါတယ်၊ ကျနော်တို့အယူအဆကတော့ ကိုယ်အာဏာရရင် – – နိုင်ငံရေးပါတီဆိုတာ ဒါပေါ့။ လွှတ်တော်ဝင်ဖို့ လုပ်နေကြတယ်ဗျာ၊ ရှင်းရှင်းပြောရရင် ရွေးကောက်ပွဲတွေကနေ လွှတ်တော်ဝင်ကြ၊ တတ်နိုင်ရင်အစိုးရဖွဲ့ကြမယ်၊ မတတ်နိုင်ရင် အတိုက်အခံလုပ်မယ်၊ ဒါပဲပေါ့၊ သို့သော် အာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်ရှိလာရင် ကိုယ့်ရဲ့လုပ်ပိုင်ခွင့်အတွင်းမှာတော့ ပြည်သူတွေအတွင်းမှာ တိုင်းရင်းသားလူမျိုးစုအကုန်က ညီညွတ်ရမယ်၊ ဒါကြောင့် နာမည်ပေးတာကိုက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ပေးထားတာကိုး။

အခုလက်ရှိအနေအထားမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တန်းတူညီမျှမှုမရှိဘူးလို့ ဆိုနိုင်မလားရှင့်။

အခုမရှိဘူးလို့ ကျနော် မပြောလိုပါဘူး၊ အခုဟာကတော့ ဘာပဲဖြစ်ဖြစ် နံပတ်တစ်ကတော့ ဒါကတော့ ကျနော် ပြောင်ပြောင်တင်းတင်းပြောရဲပါတယ်၊ စစ်ဘက်အုပ်ချုပ်နေတာသဘာဝမကျဘူး၊ ဗမာပြည်မှာ ယနေ့တွေ့ရှိနေတဲ့ အခက်အခဲအတော်များများဟာ စစ်တပ်အုပ်ချုပ်နေလို့ တခြားနိုင်ငံတွေက မကြိုက်ကြလို့ မလိုလားကြလို့ နှိပ်ကွပ်ထားလို့ ရှင်းရှင်းပြောမယ်၊ Sanction ဘာညာဆိုတာ စစ်အစိုးရမကြိုက်တာကတော့ တကမ္ဘာလုံး ဘယ်သူမှမကြိုက်ဘူး၊ မကြိုက်ပေမဲ့ အကြောင်းကြောင်းကြောင့်ဖြစ်လာတယ်၊ ဖြစ်လာပြီးတော့ စစ်အစိုးရကနေ အရပ်သားအစိုးရဘက်ကို ပြောင်းမယ်ဆိုတာနဲ့ ကောင်းသော ပြောင်းလဲခြင်းဆိုတာကိုလက်ခံလို့ ကျနော်တို့ကဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံခဲ့တာပဲ ဒါပါပဲ။

စစ်တပ်အုပ်ချုပ်ရာကနေ အရပ်သားအုပ်ချုပ်မှုအခြေအနေကို ပြောင်းဖို့ အတွက် လူထုကလက်ခံနိုင်မယ့် ရွေးကောက်ပွဲအစစ်အမှန်တွေ အားလုံးတန်းတူညီမျှပါဝင်နိုင်တဲ့ရွေးကောက်ပွဲတွေဖြစ်ပါ့မလား။

ဒါက ဖွဲ့စည်းပုံအရပေးထားတဲ့တပ်မတော်က လေးပုံတပုံရှိတာပေါ့ဗျာ၊ ဒါထားတော့ ဟုတ်လား၊ ဘာပဲဖြစ်ဖြစ် လေးပုံတပုံဟာ လေးပုံတပုံစာ အာဏာပဲရှိမှာပေါ့၊ လွှတ်တော်ရယ်လို့ဖြစ်လာရင် လူတွေဟာ ကိုယ့်ရဲ့အယူဝါဒ၊ ကိုယ့်ရဲ့အစွမ်းအလမ်း၊ ကိုယ့်ရဲ့စိတ်ကူးစိတ်သန်း လွှတ်လွှတ်လပ်လပ်ပြောနိုင်တဲ့ အခွင့်အရေးရှိပြီးသား၊ ပြောလည်း ပြောကြမှာပဲ၊ ဒါကြောင့် အခွင့်အရေးရှိလာခြင်းသည် ဒီမိုကရေစီအရ ပြောနိုင်ဆိုနိုင်တဲ့အခွင့်အရေးရလာကြတာဆိုပြီး ကျနော်တို့က ကျေကျေနပ်နပ်လက်ခံထားတာဖြစ်ပါတယ်။

အားလုံးတန်းတူညီမျှ အထူးသဖြင့် အတိုက်အခံအဖွဲ့အစည်းတွေ မပါနိုင်တဲ့လွှတ်တော်တရပ် နောက် လူထုရွေးချယ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ မပါတဲ့ဟာဟာ တန်းတူညီမျှမှုရှိတယ်လို့ ပြောနိုင်ပါ့မလား။

တသက်မဖြစ်ဘူး၊ အတိုက်အခံမရှိတဲ့လွှတ်တော် တသက်မဖြစ်ဘူး၊ ကျနော်တို့ကလည်း နေရာတိုင်း ကိုယ်ရမယ်လို့ ပြောလည်းမပြောရဘူး၊ ရလည်း ရမှာမဟုတ်ဘူးလို့ သိတယ်–––

ဒါပေမဲ့အခုပြောနေတဲ့ရွေးကောက်ပွဲ လုပ်မယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အားလုံးအတိုက်အခံတွေ မပါဝင်နိုင်တာမျိုးတွေလည်းဖြစ်နေတယ်၊ တိုင်းရင်းသားတွေကလည်း တချို့လက်မခံနိုင်တာတွေဖြစ်နေတယ်၊ အဲလိုမျိုး အမျိုးမျိုး– – – ၊

ဒီမှာ––– ဒီမှာ ဒါက –– ဒါက ရှင်းတယ်၊ ဒါတော့မပြောနဲ့ ဒါပြောရင် ခင်ဗျား ရန်တောင်ဖြစ်ရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲရယ်လို့ ရှိတယ်၊ ရှိတဲ့ရွေးကောက်ပွဲကို ယုံရင် ဝင်၊ မယုံရင် မဝင်နဲ့၊ မယုံလို့မဝင်ရင် မဝင်ဘဲနဲ့ ဘာမှဝင်မပြောနဲ့၊ ဝင်ရင်တော့ပြော၊ နောက်ပြီးတော့ ရွေးကောက်ပွဲ ဆိုကတည်းက ဒါကတော့ ကျနော်တို့ရဲ့ယုံကြည်မှုပါ၊ နှစ်ပေါင်းများစွာ အင်္ဂလိပ်ခေတ်ကတည်းကလုပ်လာတာပေါ့လေ၊ လွှတ်လပ်ရေးရပြီးတော့လည်းလုပ်လာတာပေါ့လေ၊ တည်မြဲတွေမဲရမလိုနဲ့ နောက်ဆုံးတော့ သန့်ရှင်းကရသွားတာပဲ၊ အဲဒါမျိုးပေါ့၊ ဗမာလူမျိုးက ရွေးကောက်ပွဲသာမှန်မှန်လုပ် လွှတ်လပ်တဲ့ရွေးကောက်ပွဲသာလုပ်။ သူ့ရဲ့စိတ်ကြိုက် သူ့ရဲ့ဆန္ဒအရ သူယုံကြည်ရာ ယုံကြည်ရာ မဲပေးမှာတော့ စိတ်ချ။

၁၉၉၀ ရွေးကောက်ပွဲရလဒ်အကောင်အထည် အခုထိ မပေါ်လာတာ ကရော ဘယ်လိုသုံးသပ်ချင်ပါသလဲ၊

ဒါကို မပြောနဲ့တော့ ဒါ ကျနော်နဲ့မဆိုင်ဘူး၊ ကျနော်နဲ့မဆိုင်တာလာ မမေးနဲ့၊ ဒါ ကျနော်နဲ့ ဆိုင်ကိုမဆိုင်ဘူး၊ ကျနော်တို့ပြောချင်တာ တခုပဲရှိတယ်၊ ၉၀ က ရွေးကောက်ပွဲအတည်မဖြစ်တာကလည်း အကြောင်းကြောင်းကြောင့်ဖြစ်ပါလိမ့်မယ်၊ သို့သော် ဒါက အာဏာပိုင်တို့ရဲ့တာဝန်၊ ကျနော်တို့မှာ တာဝန်မရှိသိလည်း မသိ၊ သို့သော် ကျနော်တို့တခုပြောချင်တာက ၉၀က ရွေးကောက်ပွဲကို ဒီနေ့တောင်းနေတာကတော့ အဓိပ္ပာယ်မရှိတော့ဘူး၊ ရလဒ်တော့ မတောင်းနဲ့တော့၊ ဘာလို့လည်းဆိုတော့ ၉၀၊ ခု ၂၀၀၉၊ စဉ်းစားကြည့် ၁၉ နှစ် ဒီကြားထဲ ရွေးကောက်ပွဲပြီးမှမွေးတဲ့လူတွေက ခု မဲပေးခွင့်ရှိနေပြီ။

အားလုံးကို ချုပ်ကြည့်မယ်ဆိုရင် တိုင်းရင်းသားတွေဟာ တန်းတူညီမျှတဲ့ ပြည်ထောင်စုနိုင်ငံတော်အဖြစ် မကြာခင် ဒီရွေးကောက်ပွဲကနေ ဖော်ဆောင်နိုင်မယ်လို့ ယူဆပါလားရှင့်။

အခြေခံဥပဒေမှာတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေပါပြီးသား၊ ရှိပါတယ်၊ ရှိပါတယ်၊ ရှိလျက်သားနဲ့ အခုဖြစ်နေတာက လက်နက်မချသေးတဲ့လူတွေရယ်၊ လက်နက်ချသော်လည်း အကြောင်းကြောင်းကြောင့် ပေကပ်နေတဲ့လူ၊ မပြောတတ်ဘူးလေ၊ ဒါကတော့ သူတို့ပြဿနာက သူတို့ပြဿနာပါ၊ တိုင်းရင်းသားညီညွတ်မှုမရှိအောင်လုပ်နေတာလေ၊ တိုင်းရင်းသားညီညွတ်မှုကို သိပ်မလိုလားတဲ့သူတွေပေါ့လေ၊ သိပ်ပြီးတော့မမျှသေးဘူးလို့ ထင်တာပေါ့၊ ဒီဟာကတော့ ကျနော်ထင်တယ်၊ ရိုက်ပြီးမျှခိုင်းလို့ရချင်မှရမယ်၊ ဟောတဲ့ ပြောတဲ့သူ စေ့စပ်ပေးဖို့ ဆွေးနွေးပေးဖို့လိုမယ်၊ ဒါတွေလုပ်တာကလည်း လုပ်နေကြတယ်ထင်ပါရဲ့၊ ဒါ ကျနော် သိတာပဲ၊ ကျနော်က အာဏာပိုင်မဟုတ်တော့ မသိပါဘူး။

---

**စာမျက်နှာ ၁၆ မှ**

လျှော့ချခဲ့သည်။ အဓိကအချက်မှာ ပြိုင်ဘက်ဗီယက်နမ်က ဆန်တိုးပြီးတင်ပို့လာမှာ စိုးရိမ်သည့်အတွက်ဖြစ်သည်။

အမေရိကန်ကလည်း ၂၀၀၉ ခုနှစ်အတွက်ဆန်တင်ပို့မှု ၅၀,၀၀၀ လျှော့ချသည်။ သို့သော် ထိုလျှော့ချသည့်ပမာဏမှာ မြန်မာနိုင်ငံကဆန်တန်ချိန် ၃၀၀,၀၀၀ တိုးပြီး တန်ချိန်စုစုပေါင်း ၅၀၀,၀၀၀ ထိတင်ပို့မည့်အချက်၊ အိန္ဒိယကလည်း ဆန်တိုးပြီးတင်ပို့မည့်အချက်တို့ကြောင့် ပြန်ထေမိသွားသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။

# ကင်တားနားခရီးစဉ်ကြောင့် လူ့အခွင့်အရေးတိုးတက်မည်ဟု အဲန်အဲလ်ဒီမမျှော်လင့်

**VOA ၊ ဖေဖော်ဝါရီ ၁၄ ။** ။ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဟေးကင်တားနား (Thomas Ojea Quintana) မြန်မာနိုင်ငံကို ဒီကနေ့ရောက်ရှိလာခဲ့ပေမယ့် သူ့ရဲ့ခရီးစဉ်အတွင်း မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေတွေ သိသိသာသာတိုးတက်လာမယ်လို့ မမျှော်လင့်နိုင်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြောကြားလိုက်ပါတယ်။ မြန်မာအာဏာပိုင်တွေဘက်ကတော့ မစ္စတာကင်တားနားရောက်ရှိလာချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပဲ ဇာဂနာအပါအဝင် မီဒီယာသမားတချို့အပေါ်ချမှတ်ထားတဲ့ နှစ်ရှည်ထောင်ဒဏ်တွေကို လျှော့ပေးခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနား မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေတွေကို လေ့လာစုံစမ်းတဲ့အခါမှာ တရားရေးမဏ္ဍိုင်လိုင်နဲ့နေမှုကို အဓိကထားစေချင်တယ်လို့ အတိုက်အခံနိုင်ငံရေးပါတီ အဲန်အဲလ်ဒီကပြောပါတယ်။ ဒီကနေ့ ၁၄ ရက်နေ့ကနေ ၁၉ ရက်နေ့ အထိ သူ့ရဲ့ခရီးစဉ်အတွင်းမှာ အဲန်အဲလ်ဒီပါတီနဲ့တွေ့ဆုံဖို့ အကြောင်းကြားတာမရှိသေးပေမဲ့ တွေ့ခွင့်ရတဲ့အခါမှာ တရားဥပဒေမဲ့နေတဲ့အခြေအနေတွေကို ပြောပြဖို့ရှိတယ်လို့ အဲန်အဲလ်ဒီပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

"အကြောင်းကြားတာတော့ အခုထိမရှိဘူး၊ အရင် နောက်ဆုံးအခေါက်လာခဲ့တုန်းကတော့ အဲန်အဲလ်ဒီစီအီးစီအဖွဲ့နဲ့တွေ့သွားပါတယ်၊ အခုအချိန်မှာ မြန်မာပြည်မှာ အမှန်ကတော့ လူ့အခွင့်အရေးက အချက် ၃၀ လုံးလုံးလိုပါပဲ၊ ဒါပေမဲ့ အဓိကအားဖြင့် တရားဥပဒေစိုးမိုးမှုမရှိတဲ့ကိစ္စကို ကျနော်တို့ဆွေးနွေးဖြစ်လိမ့်မယ်လို့ထင်ပါတယ်၊ ရှေ့နေတွေ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်မရှိတာ၊ ရှေ့နေတွေနဲ့အမှုသည်တိုင်ပင်ပြီး ခုခံချေပခွင့်ပေါ့၊ Right of Defense မပေးတာ၊ နောက်ပြီး အမျိုးမျိုးတားဆီးတာ၊ နောက် ကြီးလေးတဲ့ပြစ်ဒဏ်တွေချမှတ်နေတာ ဒါတွေဟာ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့ကိစ္စတွေပါ"

လူ့အခွင့်အရေးကိုယ်စားလှယ် မြန်မာနိုင်ငံကိုရောက်မယ့်အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်လို့ဆိုရမလားဘဲ၊ ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းတရားရုံးကနေပြီး နှစ်ရှည်ထောင်ဒဏ်တွေချထားတဲ့ ရုပ်ရှင်သရုပ်ဆောင် ကိုဇာဂနာနဲ့ သတင်းအယ်ဒီတာဟောင်း ကိုဇော်သက်ထွေးနဲ့ သူတို့ရဲ့အမှုတွဲနှစ်ဦးတို့ကို ပြစ်ဒဏ်ချမှတ်ထားတဲ့ထောင်ဒဏ်တွေ လျှော့ပေါ့ပေးလိုက်ပါတယ်၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ သာသနာညှိုးနွမ်းစေမှုတွေအပြင် တရားမဝင် အီလက်ထရောနစ်မှုတွေနဲ့ချမှတ်ထားတဲ့ထောင်ဒဏ်ကနေပြီး အီလက်ထရောနစ်ဥပဒေအတွက်ချမှတ်ထားတဲ့ပြစ်ဒဏ်တွေကို လျှော့ပေါ့ပေးလိုက်တယ်လို့ အယ်ဒီတာ ကိုဇော်သက်ထွေးရဲ့ဇနီး မခိုင်ချိုက VOA ကိုပြောပြပါတယ်။

"ကျန်တဲ့ပုဒ်မတွေကိုတော့ အရင်အောက်ရုံးအတိုင်းပဲ အတည်ထားပြီး အီလက်ထရောနစ်အက်ကို ၁၅ ကနှစ်ကနေ ၇ နှစ်ထိလျှော့ပေးတယ်၊ ၁၅ နှစ်က ၇ နှစ်လျှော့လိုက်တော့ ကိုဇော်သက်ထွေးက အားလုံးပေါင်း ၁၉ နှစ်က ၁၀ ဖြစ်သွားတဲ့သဘော၊ ဦးသူရက အားလုံးပေါင်း ၅၉ နှစ်၊ အဲဒီ ၅၉ နှစ်မှာ အီလက်ထရောနစ်သုံးခုပါတော့ ၇ နှစ်စီဖြစ်သွားတာ၊ သူက အားလုံးပေါင်း ၅ နှစ်၊ ၅၉ နှစ်ကနေ ၃၅ နှစ်ဖြစ်သွားတဲ့သဘော၊ ကိုတင်မောင်အေးက ၂၉ နှစ် ကနေ ၁၄ နှစ်ဖြစ်သွားတယ်၊ ကိုသန့်ဇင်အောင်က ၁၈ နှစ်ကနေ ၁၀ နှစ်"

ဒါ့အပြင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ တခြားနိုင်ငံရေးအကျဉ်းသားအတော်များများကို မိသားစုတွေနဲ့ထောင်ဝင်စာပိတ်ထားတာလည်း ၂ လနီးပါးရှိနေပါပြီ။ အခုတော့ ထောင်ဝင်စာတချို့ ပြန်တွေ့ခွင့်ရပြီလို့ သိရပါတယ်။

အခုလိုမျိုး ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မြန်မာနိုင်ငံကိုရောက်နေတဲ့အချိန်မှာ ပိတ်ထားတဲ့ထောင်ဝင်စာအချို့ ပြန်တွေ့ခွင့်ရနေတာ၊ ကိုဇော်သက်ထွေးနဲ့ ကိုဇာဂနာတို့ကို ထောင်ဒဏ်တွေလျှော့ပေါ့ပေးတာတွေ ဟာ လူ့အခွင့်အရေးတိုးတက်မှုတွေမဟုတ်ဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောခွင့်ရသူဦးဉာဏ်ဝင်းကပြောပါတယ်။

"ကျနော်တို့ကတော့ တိုးတက်မှုအဖြစ် မမြင်ဘူး၊ အပြစ်မရှိတဲ့သူတွေကိုထောင်ချပြီး အပြစ်လျှော့ပေးတာဟာ တိုးတက်မှုလို့ယူဆလို့မရဘူးဆိုတာ ကို ကျနော်တို့ကတော့ အဲဒီလိုပြောချင်တာပါ၊ ဒီခရီးစဉ်အတွင်းမှာ သိသိသာသာကြီးပြောင်းလဲတာမျိုး၊ ကျနော်တို့မျှော်လင့်လို့မရဘူး၊ ဒါပေမယ်လို့ လူ့အခွင့်အရေးဆိုင်ရာတွေကိုဆွေးနွေးလိုက်တဲ့အခါမှာ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တချို့အစိတ်အပိုင်းလေးတွေ၊ တချို့ လူ့အခွင့်အရေးဆိုင်ရာအချက်အလက်တွေတော့ တိုးတက်မှုရှိနိုင်တယ်လို့ မျှော်လင့်ပါတယ်"

# ပိတ်ဆို့အရေးယူမှု အီးယူပြန်စဉ်းစားသင့်

**BBC ၊ ဖေဖော်ဝါရီ ၁၁ ။** ။ မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင် စုနဲ့ ဥရောပသမဂ္ဂ (EU) ကချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေဟာ အကျိုးသက်ရောက်မှုမရှိတဲ့အပြင် ပြည်သူတွေကိုပဲထိခိုက်နေလို့ ပြန်စဉ်းစားပေးဖို့ ယူကေအခြေစိုက် မြန်မာ့အရေးလေ့လာရေးအဖွဲ့တခုမှ အင်္ဂါနေ့ကပြောပါတယ်။

Network Myanmar အဖွဲ့ရဲ့ခေါင်းဆောင် သံအမတ်ကြီးဟောင်း Derek Tonkin က ပိတ်ဆို့အရေးယူမှုတွေကြောင့် အကျိုးရှိတာ ဘာမှမယ်မယ်ရရမတွေ့ရတဲ့အပြင်၊ မြန်မာစစ်အစိုးရကိုတောင် နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှုတွေမလုပ်ချင်အောင် ဟန့်တားသလိုဖြစ်နေတယ်လို့ဆိုပါတယ်။

ဥရောပမှာအခြေစိုက်ပြီး မြန်မာ့အရေးလှုပ်ရှားနေတဲ့ Euro Burma office မှ ဦးဟန်ညောင်ရွှေကတော့ ပိတ်ဆို့အရေးယူတာတွေ ထိရောက်တယ် မထိရောက်ဘူးဆိုတာ ငြင်းစရာတွေရှိနေပေမယ့်၊ ဒီလိုအရေးယူမှုတွေစလုပ်လာရတာက မြန်မာစစ်အစိုးရရဲ့ နိုင်ငံရေးအရဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့်ဆိုတော့ ဒီအချက်တွေမှာ တိုးတက်မှုမတွေ့ရမချင်း အရေးယူပိတ်ဆို့မှုတွေကို ရပ်ဆိုင်းကြဖို့မဟုတ်ဘူးလို့ ထောက်ပြသွားပါတယ်။

# ကြပ်ပြေးစေတီထီးတင်ပြီးနေ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျဆုံးတဲ့နေ့

**NEJ ၊ ဖေဖော်ဝါရီ ၁၁ ။** ။ နေပြည်တော် ဉပ္ပါတသန္တိစေတီတော်ကြီး ဒုတိယအဆင့်ဌာပနာလှူဒါန်းပွဲကို နေပြည်တော်မှာကျင်းပခဲ့ကြောင်း မြန်မာစစ်အစိုးရ သတင်းစာများက ဖော်ပြနေသော်လည်း အဆိုပါစေတီတော်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပေါင်းလပြည့်နေ့ ထီးတင်ပြီးသည်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စစ်အစိုးရ ကျဆုံးမည့်နေ့ဖြစ်သည်ဟု ဆရာတော်ရှင်ပညာသာမိက ဟောကိန်းထုတ်လိုက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်အစိုးရကျဆုံးမည့်အကြောင်းကို ဗေဒင်ကိန်းခန်းအရတွက်ချက်ပြောရုံသက်သက်မဟုတ်ဘဲ စေတနာမပါဘဲ ဉပ္ပါတသန္တိဂါထာကို အလွဲသုံးစားလုပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံရောက်ရှိနေ သည့် ရခိုင်ပြည်လုံးဆိုင်ရာ သံဃာ့အဖွဲ့အစည်းအထွေထွေအတွင်းရေးမှူးဆရာ တော်ဦးပညာသာမိက မိန့်ကြားခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်သင်္ကြာဇ်မှာ စစ်အစိုးရကျဆုံးခန်းရှိတာမို့ အဓိကကတော့ သန်းရွှေကို မောင်အေးသတ်ပါလိမ့်မယ်၊ ဉပ္ပါတသန္တိဆိုတဲ့ တနင်္ဂနွေဘုရားကို အကြောင်းပြုပြီး သန်းရွှေပဲထီးတင်တင်၊ မောင်အေးပဲတင်တင် တပေါင်းလပြည့်နေ့မှာသာတင်ပါစေ၊ တင်တဲ့နေ့ဟာ စစ်အစိုးရကျဆုံးတဲ့နေ့ပဲလို့ ဦးဇင်းကမြင်တယ်၊ ၂၀၀၉ ခုနှစ်မကုန်မီ မြန်မာ့နိုင်ငံရေး သေချာပေါက်အပြောင်းအလဲဖြစ်တော့မယ်ဆိုတာ ဦးဇင်းပြောချင်တယ်" ဟု ဆရာတော်က ဆက်လက်အမိန့်ရှိသည်။




# သတင်းပြက္ခဒိန်

**ဖေဖော်ဝါရီ ၄ ၊ RFA ။** ။ သုံးခွတွင် ရိုးပြတ်ကြားကအံကြိတ်သံ ဟု အမည်ခံတောင်သူများမှ နအဖ ရွေးကောက်ပွဲ ဆန့်ကျင်ရန် လှုံ့ဆော်စာရွက်များ သုံးခွတွင် ဖြန့်နေကြောင်း။

**ဖေဖော်ဝါရီ ၇ ၊ VOA ။** ။ သမတနှင့် အုပ်ချုပ်ရေးအပြောင်းအလဲရှိသော်လည်း အမေရိကန်သည် မြန်မာဒီမိုကရေစီရေးတွင် မူမပြောင်းဆက်လက်ထောက်ခံအားပေးကာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းကျသူအားလုံး လွတ်မြောက်ရေးဆက်လက်ကြိုးပမ်းလိမ့်မည်။

**ဖေဖော်ဝါရီ ၇ ၊ SAN FRANCISCO။** ။ သီးလေးသီး ဟာသအဖွဲ့သည် ဆန်ဖရန်စစ္စကိုတွင် ဖျော်ဖြေခဲ့ရာ မြန်မာရွှေ့ပြောင်းလာများသည် အထူးသဖြင့် နအဖအား သရော်ဟာသများကို ပွဲကျခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၈ ၊ EarthTimes ။** ။ SSA သည်နအဖ ရွေးကောက်ပွဲကို လက်မခံဟုဆိုရာ KIO မွန်ပြည်သစ်ပါတီတို့ အပါအဝင် ရွေးကောက်ပွဲဆန့်ကျင်အဖွဲ့ ၁၀ ဖွဲ့ ့ကျော်ရှိလာကြောင်း။

**ဖေဖော်ဝါရီ ၈ ၊ DHAKA-Rtrs ။** ။ ရိုဟင်ဂျာများအား နှိပ်ကွပ်ချုပ်ချယ်ခြင်းမှ ရပ်တန့်ရန် နအဖအား အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ Richard Boucher မှဆို၏။

**ဖေဖော်ဝါရီ ၉ ၊ RGN-AFP ။** ။ ရိုဟင်ဂျာဒုက္ခသည်များပြဿနာကို အပြည်ပြည်ဆိုင်ရာနည်းဖြင့် ဖြေရှင်းသင့်ကြောင်း အဲန်အဲလ်ဒီမှ ဆို၏။

**ဖေဖော်ဝါရီ ၉ ၊ BKK-UNO ။** ။ မြန်မာသည် နာဂစ်မုန်တိုင်းဒဏ်ဒေသများအတွက် လာမည့်သုံးနှစ်အတွင်း ဒေါ်လာသန်း ၇၀၀ ထပ်မံလိုအပ်ကြောင်း သုံးပွင့်ဆိုင်အဖွဲ့ TCG မှဆိုကြောင်း ကုလသမဂ္ဂမှ ဆို၏။

**ဖေဖော်ဝါရီ ၉ ၊ LDN ။** ။ ခလေး ၆ ဦးရှိ အမေရိကန် ရုပ်ရှင်သရုပ်ဆောင်လင်မယား Angelina Jolieနှင့်Brad Pitt တို့သည် မြန်မာ့ဒုက္ခသည်ခလေးတဦးမွေးစားရန် စီစဉ်နေ၏။

**ဖေဖော်ဝါရီ ၉ ၊ Mizzima ။** ။ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်ရန် နအဖအား ဖိအားပေးရန် အီးယူသည် ပိုတင်းကြပ်သောပေါ်လစီချမှတ်ရန် ဘားမားကင်ပိန်းမှ တောင်းဆို၏။

**ဖေဖော်ဝါရီ ၁၁ ၊ KL ။** ။ နိုင်ငံရေးအကျဉ်းသားများလွတ်ပေးရေး မြန်မာဒီမိုကရေစီလှုပ်ရှားသူများမှ ကွာလာလမ်ပူမြို့ နအဖသံရုံးရှေ့ ချီတက်ဆန္ဒပြခဲ့၏။

**ဖေဖော်ဝါရီ ၁၁ ၊ GENEVA ။** ။ မလေးရှားသည် ပင်လယ်ပြင်မှကယ်တင်ထားသော ရိုဟင်ဂျာဒုက္ခသည်များအားခိုလှုံခွင့်မပေးမှုအတွက်ကုလတွင်ပြစ်တင်ဝေဖန်ခံနေရ၏။

**ဖေဖော်ဝါရီ ၁၁ ၊ UN-PTI ။** ။ နအဖနှင့် အဲန်အဲလဒီတို့၏ တွေ့ဆုံဆွေးနွေးမှုကို အားမရ၍ ဆက်လက်ဆွေးနွေးရန် ကုလအတွင်းရေးမှူး ဘန်ကီမွန်းမှ တိုက်တွန်း၏။

**ဖေဖော်ဝါရီ ၁၁ ၊ Dictator Watch ။** ။ အမေရိကန်နိုင်ငံခြားရေးဌာန၏ မြန်မာနိုင်ငံဆိုင်ရာဈေးကလီယာလက်နက်စာတမ်းသည် သမတဘုရှ်မှ ဂျူလိုင်၂၉တွင် လက်မှတ်ထိုးခဲ့ပြီး ယခုဖိလပြည့်ပြီး နေ့စေ့သော်လည်း ထွက်မလာဘဲ ချောင်ထိုးခံနေရဖွယ်ရှိကြောင်း။ ကမ္ဘာ့သတင်းလောကမှ အတွင်းကျကျစုံစမ်းထုတ်ပြန်သင့်ကြောင်း Dictator Watch မှတိုက်တွန်း၏။

**ဖေဖော်ဝါရီ ၁၁ ၊ DVB ။** ။ သာကေတအဲန်အဲလ်ဒီမှ မချို နှင့် မသီဂီ တို့အား အင်းစိန်ထောင်တွင်းတရားရုံးမှ အမှုစစ်စဉ် ရှေ့နေအား ဝင်ခွင့်မပေး၊ ရှေ့နေမပါအမှုစစ်ခဲ့၏။

**ဖေဖော်ဝါရီ ၁၁ ၊ Narinjara News ။** ။ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ နှစ်နိုင်ငံနယ်စပ်တပ်များသည် နယ်စပ်တွင် ပိုမိုလှုပ်ရှားနေကြောင်း။

**ဖေဖော်ဝါရီ ၁၂ ၊ NHK ။** ။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟီရိုဖူမိနာကာဆိုနေ နှင့် ကုလကိုယ်စားလှယ် ဂမ်ဘာရီ တို့သည် မြန်မာဒီမိုကရေစီလမ်းစဉ်အကောင်အထည်ဖော်ရန် နအဖအား အတူတကွတိုက်တွန်းရာ သဘောတူညီခဲ့၏။ မြန်မာဒီမိုကရေစီသို့ဦးတည်ရေးတွင် ဂျပန်သည် အဓိကနေရာမှပါစေလိုကြောင်း ဂမ်ဘာရီမှဆို၏။ လာမည့် မြန်မာရွေးကောက်ပွဲသည် ကမ္ဘာ့မှလက်ခံနိုင်ရန် လွတ်လပ်ဖြောင့်မတ်မှန်ကန်ရမည်ဟု နှစ်ဘက်မှ သဘောတူကြေညာ၏။

**ဖေဖော်ဝါရီ ၁၂ ၊ Asia Sentinel ။** ။ မြန်မာ၏ ရိုဟင်ဂျာများအပေါ်ခွဲခြားသဘောထားကို အာဆီယံမှ အပြစ်မတင်အလိုတူသဘောပြနေရာ အာဆီယံသည် သိက္ခာပိုကျနေ၏။

**ဖေဖော်ဝါရီ ၁၂ ၊ ND-Mizzima ။** ။ ပြည်ထောင်စုနေ့သည် မေးမှိန်နေ၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား တိုင်းရင်းသားများ၏အခွင့်အရေးကို အာမခံပေးရန် ပြန်လည်ပြင်ဆင်ရန် ပြည်ပရောက်တိုင်းရင်းသားအဖွဲ့ (ENC) ခေါင်းဆောင်များမှ နအဖအား တိုက်တွန်း၏။

**ဖေဖော်ဝါရီ ၁၂ ၊ Irrawaddy ။** ။ ချင်းမိုင် Mae Jo တက္ကသိုလ်ကျောင်းသူတဦး အဓမ္မပြုကျင့်သတ်ဖြတ်ခံရမှုတွင် မြန်မာလုပ်သားနှစ်ဦးအား သံသယဖြစ်နေကြောင်း။

**ဖေဖော်ဝါရီ ၁၂ ၊ RFA ။** ။ ၆၂ ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ အဲန်အဲလ်ဒီနှင့် အဲန်အဲလ်ဒီ ထောက်ခံအင်အားစုများမှ ပြည်တွင်းပြည်ပ ကမ္ဘာအနှံ့ ကျင်းပခဲ့၏။

**ဖေဖော်ဝါရီ ၁၂ ၊ RFA ။** ။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO မှ ဖြန့်ချိသည့် မွေးမြူရေး ကြက်နှင့် ဘဲပေါက်များကို အာဏာပိုင်အချို့မှ အလွဲသုံးစားလုပ် ခွဲဝေနေကြောင်း။

**ဖေဖော်ဝါရီ ၁၂ ၊ RFA ။** ။ ဖေဖော်ဝါရီ ၁၃ ဗိုလ်ချုပ်အောင်ဆန်း ၉၄ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်လူငယ်များမှ ငွေစက္ကူလှုပ်ရှားမှုကို ရန်ကုန်နှင့် မြို့အချို့တွင်ပြုလုပ်၏။

**ဖေဖော်ဝါရီ ၁၂ ၊ DVB ။** ။ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးလုပ်ရန် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုများ မဟာမိတ်အဖွဲ့ (ယူအန်အေ) မှ နအဖသို့ကြေညာတောင်းဆို၏။

**စာမျက်နှာ ၁၂ သို့**

# မင်းသုဝဏ်နှစ်တရာပြည့်

**မောင်ပုည (–သစေ–တးလျား)**

## (ဆရာမင်းသုဝဏ်၏ ကလေးကဗျာအစ "သပြေညို" ကဗျာများနှင့် "ပျဉ်းမငုတ်တို" ကဗျာများ)

## (၁)

### ပန်းသည်

မောင်လေးရေ ထပါတော့
ရောင်နီလာလှပေ့ါ။
တကျော့ နှစ်ကျော့ တေးကိုသီ
ငှက်ကျားနှုတ်ပလီ။
တောင်ဆီနားက ခရေပန်း
ပင်အောက်ကြိုင်လို့လန်း။
ဗန်းလေးယူခဲ့ မောင်လေးရယ်
သွားကောက်ချေစို့ကွယ်။
ပန်းသည်လုပ်စို့ တပြုံးပြုံး
ပန်းတွေတကုံးကုံး ။ ။ ၁၉၃၅။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့သည် ကဗျာဆရာကြီးမင်းသုဝဏ်၏ နှစ်တရာပြည့် ၂၀၀၉–၁၉၀၉ နှစ်ဖြစ်သည်။ ကဗျာဆရာ၊ စာရေးဆရာများသည် သာမန်လူများထက်ရဲရင့်ပွင့်လင်းသူများဖြစ်ကြ၍ ဆရာမင်းသုဝဏ်သည် "မွန်–မြန်မာ" မျိုးရိုးဖြစ်ကြောင်းကိုလည်းကောင်း၊ ဆရာဒဂုန်တာရာသည် "မွန်ရှာ" တရွာဖြစ်သော "ထိုင်ကူ" မြစ်တန်းရွာ၌မွေးဖွားခဲ့သည်ကိုလည်းကောင်း ယင်းတို့၏အတ္ထုပ္ပတ္တိ၌ ဖော်ပြထားကြပေသည်။

### ကြာဆစ်ကြိုး

ကြာဖြူ ကြာနီ ကြာညိုနှောလို့
တို့လယ်တောမှာပွင့်ကြတယ်။
ကောက်စိုက်အပြန် ရေကန်ကြီး
ကြာတစည်းလောက်ချိုးခဲ့ကွယ်။
ကြာပွင့်ကြာငုံ ထုံထုံမွှေးကို
မလေးဘယ်သို့သုံးပါ့မယ်။
ကြာရိုးကြာနွယ် ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုးဆွဲပါ့မယ်။
ဆွဲပါ့မယ် ။ ။ ၁၉၄၀။

ကဗျာဆရာများအနက် ဆရာမင်းသုဝဏ်သည် ကလေးကဗျာဆရာ တဦးလည်းဖြစ်သောကြောင့် ငယ်ရာမှကြီးလာသူတိုင်းပင် ဆရာမင်းသုဝဏ်၏ကလေးကဗျာများနှင့်ကင်းသူ ရှားလှပေသည်။ ဆရာမင်းသုဝဏ်၏ကလေးကဗျာများသည် တေးသံပါ၍ တေးဆို၍လည်းရသည်။ မိဘတိုင်းသည် ကလေးချော့ရန်အတွက် တေးသီချင်းလည်းလိုသည်၊ ပုံပြင်တွေလည်းလိုသည်။ ယင်းလိုအပ်ချက်များအတွက် ဆရာမင်းသုဝဏ်သည် မိဘတွေအတွက်လည်း ကောင်း၊ ကလေးတွေအတွက်လည်းကောင်း ဖြည့်ဆည်းပေးသူပင်ဖြစ်လေသည်။

## (၂)

ဆရာကြီးမင်းသုဝဏ်သည် ၁၉၄၀ ခုနှစ်လွန်လာသောအခါ ကလေးကဗျာရေးသားနေရာမှ လူကြီးကဗျာဖြစ်သော လွတ်လပ်ရေးကိုတောင့်တသော "သပြေညို" ကဗျာနှင့် ဖက်ဆစ်တော်လှန်ရေး "ပျဉ်းမငုတ်တို" ကဗျာကိုရေးဖွဲ့လာတော့သည်။

### သပြေညို

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြေမှာ တို့မေကမ်းပါးတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေဗဟိုရ်
လေချိုကအသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး ။ ။ ၄–၁–၁၉၃၈။

ဆရာမင်းသုဝဏ်သည် "ဒဂုန်မြတ်လေးနွယ်" ထုတ်နုတ်ရေးသား သော "ခရေနှင့်နှင်းဆီ" တွင်ပါသောကဗျာနှင့် စကားပြေများကိုလည်းကောင်း အထူးသဖြင့် "နှင်းဆီ" ကဗျာကိုလည်းကောင်း ထားပစ်ခဲ့လေသည်။

### နှင်းဆီပွင့်

လယ်တောကပြန်
ပန်ချင်တယ် ခရေဖူးဆိုလို့
မောင်ခူးကာပေး။
မနက်တုန်းဆီက
ကြော့ဆုံးကို မောင်မြင်တော့
သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး ။ ။

ဆရာမင်းသုဝဏ်၏ "ပန်းသည်" ကဗျာကို "ဝင်းဦး" က သူ၏ "တကျော့နှစ်ကျော့တေးကိုသီ" ရုပ်ရှင်၌ တင်တင်မြနှင့်ချိုပြုံးတို့ကိုသီဆိုစေ၍ "နှင်းဆီ" ကဗျာကို သုမောင်ကသီဆိုပြန်သဖြင့် လူတို့၏နှုတ်ဖျားတွင် ပိုမို၍ ရေပန်းစားလာလေသည်။

စာဆိုနှင့်ပတ်ဝန်းကျင်လောကသည် တခုနှင့်တခု တွယ်ဖက်နေလေ သည်။ လွတ်လပ်ရေးကြိုးပမ်းချိန်တွင် စာဆိုများသည် လွတ်လပ်ရေးကဗျာကို ရေးသား၍ ဖက်ဆစ်တော်လှန်ရေးကာလတွင် ဖက်ဆစ်တော်လှန်ရေးကဗျာ များကို ရေးဖွဲ့ကြပြန်လေသည်။

ထိုထို၍၍ အလီလီသောဖက်ဆစ်တော်လှန်ရေးကဗျာများအနက် မြန်မာပြည်သူများ၏နှလုံးသားကို စူးစူးရှရှထိုးဆွသောကဗျာမှာ ဆရာမင်းသုဝဏ်၏ "ပျဉ်းမငုတ်တို" ကဗျာပင်ဖြစ်လေသည်။

### ပျဉ်းမငုတ်တို

ဖုထစ်ရွှတ်တွ၊ ငှက်လင်းတသို့
ပျဉ်းမငုတ်တို၊ သက်ကျားအိုသည်
ကုန်းမိုထက်တွင် တပင်တည်း။

**စာမျက်နှာ ၁၅ သို့**

# နိုင်ငံရေးအကျဉ်းသားတွေပိုမိုကူညီခွင့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ သည်းခံစောင့်ဆိုင်း

**VOA । ဖေဖော်ဝါရီ ၁၂ ။** ။ အိုင်စီအာစီ နိုင်ငံတကာကြက်ခြေနီအဖွဲ့ က နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကို လောလောဆယ် အခြေအနေ အရ ခရီးစရိတ်ထောက်ပံ့နေတဲ့အစီအစဉ်နဲ့ သာကူညီနိုင်ပေမယ့် အိုင်စီအာစီ ယူရမယ့်တာဝန်တွေကို ဒီထက်မကပိုထမ်းဆောင်နိုင်ဘို့ အခြေအနေပေးလာ တဲ့အထိ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းနေပါတယ်လို့ ပြောဆိုလိုက်ပါတယ်။

ရန်ကုန်မြို့ကနေအလှမ်းဝေးတဲ့ နယ်ထောင်တွေဆီအပို့ခံရတဲ့ နစ်ရှည် နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေ ထောင်ဝင်စာတွေ့ခွင့်မရကြတဲ့အခြေ အနေမှာ အိုင်စီအာစီ နိုင်ငံတကာကြက်ခြေနီအဖွဲ့ရဲ့ ရန်ကုန်ရုံးခွဲတာဝန်ခံ ဂျော့ချ် ပက်တလီကနူးက နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကို ခရီးစရိတ်ပံ့ပိုး တဲ့ အိုင်စီအာစီရဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး VOA ကိုအခုလိုပြောပြပါတယ်။

"မိသားစုတွေ ထောင်ဝင်စာသွားတွေ့နိုင်ဘို့ ပံ့ပိုးတဲ့အစီအစဉ်နဲ့ ပတ် သက်ပြီးပြောရရင် ဒါဟာ သိပ်အရေးကြီးတဲ့အစီအစဉ်ဖြစ်ပါတယ်၊ ဘယ်မိသား စုတွေကိုပံ့ပိုးနေတယ်ဆိုတာကို ထုတ်ဖော်မပြောနိုင်ပေမဲ့ မိသားစုဦးရေအတော် များများကိုပံ့ပိုးနိုင်တယ်ဆိုတာကို ပြောနိုင်ပါတယ်၊ ထိန်းသိမ်းခံနေရသူတွေကို မိသားစုတွေသွားရောက်တွေ့ဆုံနိုင်အောင် ထောက်ပံ့နိုင်တာကလွဲလို့ တခြား အစီအစဉ်တွေ ဆောင်ရွက်ပေးနိုင်တာမရှိပါဘူး" လို့ ပြောပြသွားပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကို ဒီလိုထောက်ပံ့ပေးနိုင်တာ ပြည်တွင်းမှာ အိုင်စီအာစီအဖွဲ့ တဖွဲ့တည်းကပဲ စွမ်းဆောင်ပေးနိုင်တာဖြစ်တယ် လို့လည်းဆိုပါတယ်။ ကျန်းမာရေးချို့ယွင်းနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို သီးခြားပံ့ပိုးမယ့်အစီအစဉ်ကိုတော့ အိုင်စီအာစီအဖွဲ့ အနေနဲ့ ကိုယ်တိုင်သွားခွင့် ရမှသာ အကောင်အထည်ဖော်နိုင်မှာဖြစ်တယ်လို့ ပြောပါတယ်။

အိုင်စီအာစီအနေနဲ့ အကျဉ်းထောင်တွေကိုသွားပြီး နိုင်ငံရေးအကျဉ်း သားတွေနဲ့ တွေ့နိုင်မယ့်အလားအလာနဲ့ ပတ်သက်လို့တော့ မစ္စတာပက်ကလီ က အခုလိုပြောပါတယ်။

"၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းကစပြီး ဒီကနေ့အထိ အကျဉ်းထောင်တွေ ကိုသွားခွင့်မရသေးပါဘူး၊ အိုင်စီအာစီရပ်တည်တဲ့မူဝါဒအရ အကျဉ်းသားတွေ ကို ဆေးဝါး၊ အာဟာရ စတာတွေကို ကိုယ်တိုင်သွားနိုင်တဲ့အခါကြမှသာ ယူ ဆောင်သွားလို့ရပါတယ်၊ ဒါမှမဟုတ် တခုခု အကြီးအကျယ်၊ ဥပမာ နာဂစ်လေ ပြင်းမုန်တိုင်းကျလို့ ထောင်တွေပျက်စီးလို့ အကျဉ်းသားတွေဒုက္ခရောက်ရတဲ့ အခြေအနေမျိုးမှာဆိုရင်တော့ တမျိုးတမည်စဉ်းစားရမှာဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာတော့ အကန့်အသတ်နဲ့ပဲ အကူအညီပေးနိုင်တာဖြစ်ပါတယ်" လို့ ပြောပြသွားပါတယ်။

အိုင်စီအာစီ နိုင်ငံတကာကြက်ခြေနီအဖွဲ့ကြီးရဲ့ မူလရည်မှန်းချက်ဖြစ်တဲ့ ဘယ်နေရာ ဘယ်ဒေသမှာမဆို လူမှုဒုက္ခတွေကိုအကာအကွယ်ပေးဘို့၊ လက် နက်ကိုင်ပဋိပက္ခတွေနဲ့ အရေးပေါ်အခြေအနေတွေမှာ ကျန်းမာရေးနဲ့ အသက် အန္တရာယ်အကာအကွယ်ပေးဘို့ စတဲ့ လူမှုလုပ်ငန်းတွေကိုဆောင်ရွက်ဘို့ဖြစ် တာမို့ မြန်မာနိုင်ငံလိုနေရာမျိုးမှာ ရည်မှန်းချက်တွေကို ဆန္ဒရှိတဲ့အတိုင်းဆောင် ရွက်နိုင်ဘို့ အကန့်အသတ်တွေအများကြီးရှိတယ်လို့လည်း မစ္စတာပက်ကလီ ကဆက်ပြောပါတယ်။

"နေရာအတော်များများမှာ စိတ်ပျက်စရာကောင်းလောက်အောင် စိတ်သွားတိုင်းကိုယ်မပါဘဲ နှောင့်နှေးတာတွေဟာ လုပ်ငန်းသဘောသဘာဝ အရ ကြုံရတတ်ပါတယ်၊ ဒါဟာ ဘာကြောင့်လဲဆိုတာ ပြောပြနေစရာမလိုဘဲ အများကသိပါတယ်၊ လူမှုရေးအရကူညီနိုင်ဘို့အတွက် စေ့စပ်ညှိနှိုင်းတဲ့အခါ တဖက်ကအခြေအနေကိုလည်းကြည့်ရပါတယ်၊ အဲဒီတဖက်က တင်းတင်းကျပ် ကျပ်လုပ်တတ်သလို ပိုပြီးခက်ခဲအောင်လည်း ဖန်တီးတတ်ပါတယ်၊ ဒါကြောင့် အိုင်စီအာစီကတော့ စိတ်ရှည်သည်းခံစွာနဲ့ အခြေအနေပေးတဲ့အထိစောင့်ဘို့ အသားကျသလိုဖြစ်နေပါပြီ" လို့ ပြောသွားပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကို ထောင်ဝင်စာတွေ့နိုင်ဘို့ ငွေကြေးထောက်ပံ့တဲ့အစီအစဉ်တခုထဲမဟုတ်ဘဲ ဒီထက်မကပိုပြီးအကူအညီ ပေးလိုတဲ့ဆန္ဒရှိကြောင်း၊ ဒီလိုကူညီနိုင်အောင်လည်း သက်ဆိုင်ရာအာဏာပိုင် တွေနဲ့ စေ့စပ်ညှိနှိုင်းတာတွေ ကြိုးစားပြီးလုပ်နေဆဲဖြစ်တယ်လို့ အိုင်စီအာစီ ရန်ကုန်ရုံးခွဲတာဝန်ခံ မစ္စတာပက်ကလီဆာနူး ပြောပြသွားတာဖြစ်ပါတယ်။

ထိုင်း–မြန်မာနယ်စပ်အခြေစိုက် အေအေပီပီဘီခေါ် နိုင်ငံရေးအကျဉ်း သားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ကိုဘိုကြည်ကတော့ ရန်ကုန်ရှိ အိုင်စီအာစီရုံးခွဲရဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လူမှုရေးအရစောင့် ရှောက်ရမယ့်လုပ်ငန်းတွေအပေါ် အခုလိုသုံးသပ်ပါတယ်။

"အဲဒီလိုဝင်ခွင့်မရတဲ့အခါကြတော့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ အခြေ အနေတွေ၊ ထောင်ရဲ့ လက်ရှိအနေအထားတွေကို သူတို့ သေသေချာချာသုံး သပ်ခွင့်မရတော့ဘူး၊ သူတို့ ပံ့ပိုးလှူနေကြ ဆေးဝါးတို့ တခြားဟာတွေကလည်း လှူလို့မရတဲ့အနေအထားဖြစ်လာတယ်၊ နောက် အကျဉ်းထောင်တွေထဲမှာဖြစ် နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုလည်း မှတ်တမ်းတင်လို့မရတဲ့အနေ အထားဖြစ်လာတယ်၊ အရင်အတိုင်းအတာထက်စာရင် အများကြီးလျော့နည်း သွားတယ်လို့ ကျနော်တို့သုံးသပ်လို့ရပါတယ်။

တကယ်တမ်းကြတော့ သူတို့ကိုယ်တိုင်က နအဖကိုတကယ်ကြောက် တာမျိုးဖြစ်နေတယ်၊ ဥပမာ သူတို့ အမှန်တရားကိုပြောမယ်ဆိုရင် နအဖကလက် မခံဘူး၊ အိုင်စီအာစီက တာဝန်ရှိသူတွေကပဲဖြစ်ဖြစ်၊ တခြား အဲန်ဂျီအိုတွေပဲဖြစ် ဖြစ် မြန်မာနိုင်ငံထဲမှာတာဝန်ထမ်းဆောင်နေတဲ့လူတွေက အမှန်တရားကို ရေ ငုံနှုတ်ပိတ်နေတဲ့အဆင့်မျိုးကိုရောက်လာပြီ၊ ဒါဟာ သွယ်ဝိုက်တဲ့နည်းနဲ့ နအဖ ကိုထောက်ပံ့ပေးသလိုဖြစ်နေတယ်"။

---

# ရိုဟင်ဂျာများအရုပ်ဆိုးဟု မြန်မာကောင်စစ်ဝန်ပြော

**VOA । ဖေဖော်ဝါရီ ၁၂ ။** ။ မြန်မာနိုင်ငံက လူနည်းစုမူဆလင်ရိုဟင် ဂျာတွေရဲ့ အခြေအနေနဲ့ ပတ်သက်လို့ မြန်မာ့အိမ်နီးချင်းနိုင်ငံများက ဆွေးနွေး ကြဘို့ပြင်ဆင်နေတဲ့အချိန်မှာပဲ ဟောင်ကောင်ရှိမြန်မာစစ်အစိုးရကောင်စစ်ဝန် ရုံးအကြီးအကဲ ဦးရဲမြင့်အောင်က ရိုဟင်ဂျာတွေဟာ ဘီလူးလိုအရုပ်ဆိုးတဲ့သူ တွေဖြစ်ကြတယ်လို့ ဆိုလိုက်ပါတယ်။ ရိုဟင်ဂျာတွေဟာ မြန်မာတွေမဟုတ်ဘူး၊ မြန်မာတိုင်းရင်းသားတွေလည်းမဟုတ်ကြဘူး၊ ရိုဟင်ဂျာတွေက အသားညို မှောင်တယ်၊ မြန်မာတွေက အသားဖြူချောမွေ့ပြီး ကြည့်ကောင်းရုပ်ချောတယ် လို့ ဟောင်ကောင်ရှိနိုင်ငံခြားရေးမစ်ရှင်ရုံးများနဲ့ စာနယ်ဇင်းများသို့ စာရေး အကြောင်းကြားတဲ့အထဲမှာ ဦးရဲမြင့်အောင်က အဲဒီလိုထည့်သွင်းပြောဆိုလိုက် တာဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ် ဖေ ၈ က မြန်မာနိုင်ငံတွင်းသို့ တရားမဝင်ဝင်ရောက်လာခဲ့ ကြတဲ့ အာရပ်ကုန်သည်တွေကဆင်းသက်လာခဲ့ကြတဲ့ မူဆလင်ဘင်္ဂါလီလူတွေ ဖြစ်ကြတယ်လို့ မြန်မာ့အလင်းသတင်းစာမှာရေးသားဖော်ပြတဲ့ဆောင်းပါးကို လည်း သူ့စာနဲ့အတူ ပူးတွဲဖော်ပြ ပေးပို့လာပါတယ်။

အခုလအတွင်း အာဆီယံထိပ်သီးအစည်းအဝေး ထိုင်းနိုင်ငံမှာကျင်းပ တဲ့အခါ အစည်းအဝေးပွဲရဲ့ အပြင်ပန်းမှာ ရိုဟင်ဂျာကိစ္စဆွေးနွေးဘို့ စီစဉ်ထားတာ ကြောင့် အခုလို ဟောင်ကောင်ရှိ စစ်အစိုးရကောင်စစ်ဝန်ရုံးအကြီးအကဲရဲ့ ရေး သားချက်ကြောင့် ပိုမိုတွန်းအားပေးလိုက်သလိုဖြစ်သွားတယ်လို့ သတင်းများ မှာပါရှိပါတယ်။ ရိုဟင်ဂျာများရဲ့ လူ့အခွင့်အရေးကိုလေးစားဘို့ အမေရိကန်ရုပ် ရှင်မင်းသမီးလည်းဖြစ်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အကျိုးဆောင်သံတမန် အင်ဂျလီနာဂျိုလီရဲ့ တိုက်တွန်းချက်ကို ထိုင်းနိုင်ငံခြားရေး ဌာနအတွင်းဝန်က စီးပွားရေးကြောင့်လာကြသူတွေဖြစ်လို့ ရိုဟင်ဂျာတွေကို ဒုက္ခ သည်စခန်းကိုမပို့ဘဲ အကျဉ်းစခန်းကိုပဲပို့မယ်လို့ တုံ့ပြန်ပြောဆိုလိုက်ပါတယ်။

# တိုင်းရင်းသားခေါင်းဆောင် ၃ ဦး ဂျပန်၌ မြန်မာ့အရေးတင်ပြတောင်းဆို

**DVB ၊ ဖေဖော်ဝါရီ ၁၂ ။** ။ မြန်မာတိုင်းရင်းသားခေါင်းဆောင် ၃ ဦးဟာ ဂျပန်လွှတ်တော်အမတ်တချို့ကိုတွေ့ဆုံပြီး မြန်မာ့အရေးကို တင်ပြဆွေးနွေးခဲ့ပါတယ်။

တိုကျိုကိုရောက်နေတဲ့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ ကချင်အမျိုးသားအစည်းအရုံးအထွေထွေအတွင်းရေးမှူး ဒူးဝါးမခေါ်ခွန်ဆာ၊ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထွန်းဝင်းတို့ဟာ မြန်မာ့ဒီမိုကရေစီရေးထောက်ခံအားပေးတဲ့ဂျပန်လွှတ်တော်အမတ်များအဖွဲ့ဝင်တွေကို တွေ့ဆုံပြီး မြန်မာ့အရေးကို ဂျပန်အစိုးရက ကူညီဆောင်ရွက်စေလိုကြောင်း တင်ပြဆွေးနွေးပါတယ်။

မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်က မြန်မာစစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးရေးပေါ်ထွန်းလာစေရေးအတွက် ဂျပန်အစိုးရက ကုလသမဂ္ဂနဲ့အတူ ကူညီပံ့ပိုးရေးအပါအဝင် တောင်းဆိုချက် ၅ ချက်ကို တောင်းဆိုခဲ့ပါတယ်။

ဂျပန်လွှတ်တော်အမတ်များသမဂ္ဂ ဒုဥက္ကဋ္ဌ ယုကိအို ဟာတိုးယာမက ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် အဓိကထားပြီး ကျနော်အပါအဝင် အမတ်အတော်များများနဲ့ဖွဲ့စည်းထားတဲ့သမဂ္ဂဆိုပေမဲ့ အခုထိတိုးတက်မှုမတွေ့ရသေးပါဘူး၊ မြန်မာတွေ အားမလိုအားမရဖြစ်နေတာကိုလည်း ကျနော်နားလည်ပါတယ်၊ ဒါပေမဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးများ လာရောက်ပြီးဖြစ်ပျက်နေတဲ့အခြေအနေတွေကို လာရောက်ရှင်းပြတာဟာ မြန်မာ့ဒီမိုကရေစီရေးမှာ ဂျပန်တွေပါဝင်လာဖို့ အင်မတန်မှ အထောက်အကူဖြစ်စေမှာပါ။

# ရွှေ့နေများကောင်စီက ဥပဒေသင်တန်းဖွင့်လှစ်

**DVB ၊ ဖေဖော်ဝါရီ ၁၃ ။** ။ ဥပဒေပညာ ဒီပလိုမာသင်တန်းကို မြန်မာနိုင်ငံရွှေ့နေ များကောင်စီ ဘီအဲလ်စီက ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့မှာ မနေ့ကစတင်ဖွင့်လှစ်လိုက်တဲ့ ဒီသင်တန်းအမှတ်စဉ် ၂ ကို တိုင်းရင်းသားအဖွဲ့အစည်းတွေက လူငယ်သင်တန်းသား ၂၅ ယောက် တက်ရောက်သင်ကြားမယ်လို့ ဘီအဲလ်စီအတွင်းရေးမှူး ဦးမြင့်သိဏ်းက ပြော ပါတယ်။

ပြည်ထောင်စုဥပဒေအကယ်ဒမီသင်တန်းကျောင်းသင်တန်း အမှတ်စဉ် ၁ ကို ၂၀၀၆ မှာ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၂၅ ယောက် တက်ရောက်ခဲ့ပါတယ်။

သင်တန်းကာလ ၂ နှစ်အတွင်း မြန်မာနိုင်ငံမှာလက်ရှိကျင့်သုံးနေတဲ့ ဥပဒေတွေနဲ့ ကုလသမဂ္ဂက ထုတ်ပြန်ထားတဲ့နိုင်ငံတကာဥပဒေတွေကို ဘီအဲလ်စီရှိ ဝါရင့်ရွှေ့နေတွေ၊ နိုင်ငံတကာတက္ကသိုလ်တွေမှာ ဥပဒေပညာရှင်ပါမောက္ခတချို့က လာရောက်သင်ကြားပေးမယ်လို့ ဦးမြင့်သိဏ်းက ပြောပါတယ်။

ဒီသင်တန်းကို ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူပြု ဖို့ ရည်ရွယ်ဖွင့်လှစ်တာလို့လည်း ဦးမြင့်သိဏ်းက ပြောပါတယ်။

ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံခိုင်မာအောင် တည်ဆောက်ဖို့ ရည်ရွယ်ချက်တွေကို အခိုင်အမာချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ ကျနော်တို့နိုင်ငံရဲ့အနာဂတ်အကျိုးအတွက် ရေရှည်အကျိုးရှိမယ်လို့ မျှော်လင့်ပါတယ်လို့ ပြောပါတယ်။

---

**သတင်းပြက္ခဒိန်မှ**

**ဖေဖော်ဝါရီ ၁၂ ၊ DVB ။ ။** ဂျပန်ရောက် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ ကချင်အမျိုးသားအဖွဲ့ KNO မှ အတွင်းရေးမှူးခွန်ဆာနှင့် ရခိုင်အဲန်အဲလ်ဒီမှ ဦးထွန်းဝင်းတို့သည် ဂျပန်အမတ်များနှင့်ဖွဲ့ထားသည့်သမဂ္ဂအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြန်မာ့ဒီမိုကရေစီရေးဆွေးနွေးတင်ပြခဲ့၏။

**ဖေဖော်ဝါရီ ၁၂ ၊ DVB ။ ။** အဲန်အဲလ်ဒီအဖွဲ့ချုပ်သည် ရုံးချုပ်တွင် ၆၂ နှစ်မြောက်ပြည်ထောင်စုနေ့အခန်းအနားကျင်းပရာ အနောက်တိုင်းသံအမတ်များလည်း တက်ရောက်ခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၁၂ ၊ DVB ။ ။** ပြည်ထောင်စုနေ့အနှစ်သာရဖြစ်သော သာတူညီမျှလူ့ဘောင်ကို နအဖစစ်အဖွဲ့မှလက်မခံဘဲ ပြည်ထောင်စုအနှစ်မဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုနည်းစုံဖြင့်ဆန့်ကျင်ကြရန် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားများ နှင့်လူငယ်များအစည်းအရုံးမှ ထုတ်ပြန်တိုက်တွန်း၏။

**ဖေဖော်ဝါရီ ၁၂ ၊ DVB ။ ။** ပြည်ထောင်စုနေ့သည် တိုင်းရင်းသားတန်းတူရေး၊ ဒီမိုကရေစီရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်စသည့် ရည်မှန်းချက်များနှင့် တိုင်းရင်းသားများလက်မှတ်ထိုးခဲ့သောနေ့ထူးနေ့မြတ်ဖြစ်ပြီး စစ်အစိုးရအဆက်ဆက်ကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲ ပြည်တွင်းစစ်အရှည်ဆုံး၊ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဖြစ်လာရကြောင်းဖြင့် စစ်အဖွဲ့အား ပြစ်တင်ဝေဖန်ရှုတ်ချ၏။

**ဖေဖော်ဝါရီ ၁၃ ၊ DVB ။ ။** နအဖစစ်အစိုးရ၏ ၂၀၁၀နှစ် ရွေးကောက်ပွဲကို ကန့်ကွက်ခဲ့သည့် အဲန်အဲလ်ဒီအမတ်၂ ဦးဖြစ်သည့် ဦးတင်မင်းထွတ် (ပန်းတနော်) နှင့်ဦးညီပု(ဂွမြို့နယ်၊ရခိုင်ပြည်နယ်) တို့အား အင်းစိန်ထောင်တွင်းတရားရုံးမှ ထောင် ၁၅ နှစ်စီ ချမှတ်ခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၁၃ ၊ MAESOT- DVB ။ ။** ဥပဒေပညာ ဒီပလိုမာ အမှတ်စဉ် ၂ သင်တန်းကို မြန်မာနိုင်ငံရွှေ့နေများကောင်စီ(ဘီအယ်လ်စီ)မှ ဖွင့်လှစ်သင်ကြားနေ၏။

# စစ်အုပ်စုရွေးကောက်ပွဲဆန့်ကျင်အမတ်များကို ထောင်ဒဏ်ချမှတ်

**DVB ၊ ဖေဖော်ဝါရီ ၁၃ ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ဒေါက် တာတင်မင်းထွတ်နဲ့ ဦးညီပုတို့ကို အာဏာပိုင်တွေက ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်လိုက်တယ်လို့ ဒေါက်တာတင်မင်းထွတ်ရဲ့သား ကိုခိုင်ဝင်းလှိုင်ကပြောပါတယ်။

အင်းစိန်ထောင်တွင်းတရားရုံးက ဒီနေ့ ညနေ လေးနာရီခွဲမှာ စီရင်ချက်ချလိုက်တာဖြစ်ပြီး မနက်ဖြန် ထောင်ဝင်စာတွေ့မှ အကြောင်းအကျိုးသိရမယ် လို့ဆိုပါတယ်။ ပန်းတနော်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာတင်မင်းထွတ်နဲ့ ဂွမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီပုတို့က ပုကျင်ရှင့်ထန်း၊ ဦးသိန်းဖေ၊ ဒေါက်တာမြင့်နိုင်စတဲ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ကြောင်း ကုလသမဂ္ဂထံ မနှစ်က ဂျူလိုင်မှာ စာရေးသားပေးပို့ခဲ့ပါတယ်။

တွေ့ဆုံဆွေးနွေးပွဲမှပေါ်ထွက်လာမယ့်လုပ်ငန်းစဉ်ကိုသာ လက်ခံနိုင်မှာဖြစ်ကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲအစား နိုင်ငံတကာကလက်ခံနိုင်မယ့် ဆွေးနွေးပွဲကို လုပ်ဖို့ အဲဒီစာထဲမှာ တောင်းဆိုထားပါတယ်။

အဲဒီစာပို့ပြီးမကြာမီ ဩဂုတ် ၁၁ နဲ့ ၁၂ ရက်တို့မှာ ရဲအထူးသတင်းတပ်ဖွဲ့က သူတို့ ၂ ဦးကို ဖမ်းဆီးခဲ့ပါတယ်။ အာဏာပိုင်တွေက နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုထိခိုက်စေမှု ပုဒ်မ ၅၀၅(ခ)၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃ (က)၊ အမျိုးသားညီလာခံလုပ်ငန်းကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၄ စတဲ့ ဥပဒေ ၃ မျိုးနဲ့ တရားစွဲခဲ့ပါတယ်။

သူတို့တတွေအတွက် ရွှေ့နေဦးကျော်ဟိုးကို ရွှေ့နေလွှဲစာပေးအပ်ထားပေမဲ့ အာဏာပိုင်တွေက ရွှေ့နေကို လျှောက်လဲခွင့်မပေးပဲ တောက်လျှောက်အမှုစစ်ဆေးပြီး စီရင်ချက်ချလိုက်တာဖြစ်ပါတယ်။




# သတင်းတိုထွာ ဖတ်စရာကဏ္ဍ

ကျော်စံကွေး

## ထောင်တွင်းအနိုင်ကျင့်နှိပ်စက်မှု

ဟသ်ာတအကျဉ်းထောင်မှာရောက်ရှိနေတဲ့ ဆရာတော် ဦးကေလာသကို ထောင်အာဏာပိုင်တွေနဲ့ တခြားထောင်သားတွေကိုက မျက်နှာသစ်ဆိုပြီး ပိုင်းဝန်း နှိပ်ကွပ်မှုတွေလုပ်ခဲ့တယ်လို့ သိရပါတယ်။ ထောင်ဝတ်စုံကို ရဟန်း သင်္ကန်းတွေ ဝင်သလိုလုပ်ကိုင်တဲ့အတွက် ထောင်အာဏာပိုင်တွေက အခုလိုနှိပ်ကွပ်တာပါ။ **(DVB, 9.12.2009)**

## ဂမ်ဘာရီခရီးတွင်းကျေနပ်မှုများရှိသတဲ့

မြန်မာပြည်ကိုသွားရောက်ခဲ့တဲ့ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်အတွင်း ကောင်းမွန်တဲ့ဆွေးနွေးမှုတွေဖြစ်ပေါ်ခဲ့တယ်လို့ အထွေထွေအတွင်းရေးမှူးချုပ်က ပြောဆိုလိုက်ပါတယ်၊ နအဖခေါင်းကြီးအကဲနဲ့ တွေ့ဆုံခွင့်မရခဲ့တဲ့ မစ္စတာ ဂမ်ဘာရီက အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို အခြေအနေတွေကို အကုန်ရှင်းပြခဲ့ပါတယ်။ **(IRRAWADDY, 11.2.2009)**

## ချင်းမိုင်က လူဖမ်းပွဲ

ထိုင်းအာဏာပိုင်တွေဟာ ချင်းမိုင်မှာအလုပ်လုပ်ကိုင်နေတဲ့ ရှာပေါင်းများစွာသောမြန်မာပြည်ကအလုပ်သမားတွေကို ဖမ်းဆီးလိုက်တယ်လို့ သိရပါတယ်။ အနည်းဆုံး ၂၀၀ ကျော်ပါသွားပါတယ်၊ အခုဖမ်းဆီးမှုမှာ ရိုက်နှက်တာတွေ၊ ထွက်ပြေးတဲ့သူတွေကို သေနတ်နဲ့ပစ်တာတွေကို လုပ်နေတယ်လို့ ဆိုပါတယ်။ **(S.H.A.N, 11.2.2009)**

## နာဂစ်ဘေးအတွက် အိမ်အလှူ

ဂျပန်အစိုးရဟာ မြန်မာနိုင်ငံက နာဂစ်ဘေးဒဏ်ခံဒုက္ခသည်တွေအတွက် အမေရိကန်ဒေါ်လာ ၃ သန်းကို နိုင်ငံတကာပြောင်းရွှေ့နေထိုင်မှုဆိုင်ရာအဖွဲ့ကို ပေးလိုက်တယ်လို့သိရပါတယ်။ အဲဒီငွေတွေကို မုန်တိုင်းဘေးသင့်ခဲ့တဲ့သူတွေအတွက် နေအိမ်ဆောက်လုပ်ရေးမှာ အသုံးပြုမှာဖြစ်ပါတယ်။ ဂျပန်ဟာ အခုလဆန်းပိုင်းကပဲ ကုလရဲ့စားနပ်ရိက္ခာအဖွဲ့အား ဒုက္ခသည်တွေရဲ့ရိက္ခာအတွက် ဒေါ်လာ ၂ သန်းကို လှူခဲ့ပြီးပါပြီ။ **(XINHUA, 12.2.2009)**

## သုံးပွင့်ဆိုင်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ပြည်ထောင်စုနေ့မှာ ကြေညာချက်တစောင်ထုတ်ပြန်တုန်းက စစ်အာဏာပိုင်တွေကို သုံးပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲလုပ်ဖို့ တောင်းဆိုတိုက်တွန်းလိုက်ပါတယ်။ စစ်အုပ်စု၊ ဒီမိုကရေစီအုပ်စု၊ တိုင်းရင်းသားအုပ်စု ၃ စုတို့ဆွေးနွေးရေးဖြစ်ပါတယ်။ သုံးပွင့်ဆိုင်ဆွေးနွေးရေးဟာ ကုလသမဂ္ဂက အဆိုပြုထားတဲ့အရာလည်းဖြစ်ပါတယ်။ **(MIZZIMA, 12.2.2009)**

## နယ်စပ်မြို့အား တရုတ်များစွန့်ခွာ

တရုတ်အာဏာပိုင်တွေက လျှပ်စစ်မီးဖြတ်၊ တယ်လီဖုန်းလိုင်းဖြတ်တောက်တာတွေကို ဖေဖော်ဝါရီလဆန်းကတည်းက စတင်လုပ်ခဲ့တဲ့အတွက် ကချင်ပြည်နယ်နဲ့ တရုတ်နယ်စပ်မြို့ဖြစ်တဲ့ မိုင်ဂျာယန်မှာစီးပွားလုပ်ကိုင်နေတဲ့ တရုတ်လူမျိုးတွေစွန့်ခွာကာ တရုတ်ပြည်သို့ပြန်နေကြပြီလို့ သိရပါတယ်။ ဘာကြောင့် ဒီလိုဖြတ်တောက်ရတယ်ဆိုတာမသိရပေမဲ့ မကြာသေးခင်က တရုတ်ကလေးတွေပြန်ပေးဆွဲခံရလို့ အခုလိုလုပ်တာဖြစ်နိုင်တယ်ပါတယ်။ မိုင်ဂျာယန် မှာ တရုတ်တွေကိုစီးပွားလုပ်ကိုင်ခွင့်ပေးပြီး ကေအိုင်အိုက ဝင်ငွေရနေပါတယ်။ **(MIZZIMA, 12.2.2009)**

## အာရှဆက်ဆံရေးနှင့်မြန်မာပြည်

သမတဘာရက် အိုဘားမားအစိုးရက အာရှနိုင်ငံများနှင့် ဆက်ဆံရေးများကတဆင့် မြန်မာပြည်စီးပွားရေးနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်သွားစေရန်လုပ်ဆောင်သွားမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောဆိုသွားပါတယ်။ **(VOA , 14.2.2009)**

## ဝတပ်နဲ့ နအဖတပ်အကြားတင်းမာ

စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ ရှမ်းပြည်နယ်အထူးဒေသ ၄ က ဝပြည်သွေးစည်းညီညွတ်ရေးတပ် UWSA နဲ့ စစ်အစိုးရတပ်တွေအကြား မကြာခင်က တိုက်ပွဲငယ်တွေဖြစ်ခဲ့တယ်ဆိုတဲ့သတင်း တွေ ထွက်ပေါ်လာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာပါဝင်ရေး၊ လက်နက်ချရေးနဲ့ နယ်မြေသတ်မှတ်ရေးကိစ္စတွေမှာ တင်းမာမှုတွေရှိနေတဲ့ကြားက လက်နက်သိမ်းယူတာလို့ အောက်ခြေအဆင့်တပ်တွေအကြား တင်းမာမှုတွေဖြစ်လာနေတယ်လို့ ဆိုပါတယ်။ **(RFA, 11.2.2009)**

## သစ်အကောင်းစားအစားထိုးလဲခံရ

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်းကဖမ်းမိထားတဲ့သစ်တွေကို အစားထိုးလဲယူပြီး ရောင်းစားနေကြတယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့ဂျန်နဝါရီလက မံစီမြို့နယ်တွင်းမှာ တာဝန်ရှိတဲ့သူတွေဟာ ဖမ်းမိသစ်အကောင်းစားတွေကို အညံ့စားသစ်တွေနဲ့လဲပြီး သစ်အကောင်းတွေကို ရောင်းချနေပါတယ်။ **(RFA, 11.2.2009)**

## အကြီးဆုံးကျောက်မျက်ပြတိုက်

နအဖစစ်အုပ်စုဟာ သူတို့နေထိုင်ရာ ကြပ်ပြေးနေပြည်တော်မှာ မြန်မာနိုင်ငံရဲ့အကြီးဆုံးကျောက်မျက်ပြတိုက်ကို ၇ လနဲ့အပြီးတည်ဆောက်ပြီး အခုအခါ ဖွင့်လှစ်လိုက်ပြီလို့ သိရပါတယ်။ ၁၂ ဧကခွဲရှိတဲ့မြေအကျယ်မှာ ၃ ထပ်အဆောက်အဦကို ကျောက်စိမ်းတုံးတွေနဲ့ကပ်ပြီး တည်ဆောက်ထားပါတယ်။ ပုလဲ၊ ကျောက်မျက်ရတနာ၊ ကျောက်စိမ်းတွေကို ပြခန်းတွေမှာ ပြသထားပါတယ်။ **(XINHUA, 13.2.2009)**

## မူးယစ်ဆေးအချို ကြိုးမိ

ဂျန်နဝါရီလအတွင်းမှာ မူးယစ်ဆေးအာဏာပိုင်တွေက ဘိန်းဖြူတွေ ဖမ်းဆီးရမိတယ်လို့ ကြေညာပါတယ်၊ အဲဒါဟာ ကုန်တင်သင်္ဘောက ကွန်တိန်နာထဲကနေဖြစ်ပါတယ်။ အဲဒီသင်္ဘောဟာ စင်္ကာပူက ပိုင်ဆိုင်တာဖြစ်ပါတယ်၊ ပြည်ထဲရေးဝန်ကြီးအရာရှိတဦးက ကိန်းဂဏန်းအတိအကျမပြောပေမဲ့ ရန်ကုန်မှာ ဖမ်းမိသမျှထဲမှာ အကြီးမားဆုံးပဲလို့ ဆိုပါတယ်။ **(REUTERS, 13.2.2009)**

# လောင်စာဆီဈေးကျသော်လည်း အဝေးပြေးကားတန်ဆာခ ဈေးမကျ

**NEJ၊ ဖေဖော်ဝါရီ ၁၂။**  ။ ပြင်ပလောင်စာဆီဈေးနှုန်း ကျဆင်းလာနေသော်လည်း အစိုးရလောင်စာဆီဈေး ချပေးမှုမရှိခြင်း၊ လမ်းတံတားကြေး များပြားနေခြင်းတို့ကြောင့် ကားခများ သိသာစွာချထားပေးနိုင်ခြင်းမရှိဟု ဘုရင့်နောင် အဝေးပြေးဝင်းမှ ရန်ကုန်–မန္တလေးကားဂိတ်ပိုင်ရှိတဦးကပြောသည်။

ပြင်ပဈေးကွက်တွင် ဓါတ်ဆီတဂါလံ ၂၀၀၀၊ ဒီဇယ် ၂၃၀၀ ကျပ်သာရှိချိန်တွင် အစိုးရဆိုင်များမှ ဓါတ်ဆီတဂါလံ ၂၅၀၀၊ ဒီဇယ် ၃၀၀၀ ကျပ်နှုန်းဖြင့် သာထုတ်ယူနေကြဆဲဖြစ်ကာ ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမကြီးပေါ်တွင် တန်ပိုကတ္တားဂိတ်များ ပိုတိုးလာနေကြောင်း ယာဉ်ပိုင်ရှင်များကဆိုသည်။

လောင်စာဆီဈေးနှုန်းများ တပိပါ ကျပ် ၂ သိန်းကျော်ရှိနေရာမှ ကျပ် ၁ သိန်းကျော်သာရှိတော့သည့်အချိန်တွင် ရန်ကုန်–မန္တလေးကုန်တင်ခများမှာ တပိသာ ကျပ် ၄၀ နှုန်းမှ ကျပ် ၃၀ နှုန်းသို့ကျဆင်းခဲ့သော်လည်း ကုန်သည်များက ထို့ထက်ပိုချထားပေးရန် လိုလားကြသည်။

“ဆီဈေးက ထက်ဝက်ကျသွားပြီ၊ တန်ဆာခတွေက အခု နည်းနည်းပဲကျတယ်၊ တကယ်ဆို ဒီထက်ပိုချထားပေးသင့်တယ်” ဟု မန္တလေးမြို့ခံကုန်သည်တဦးကပြောသည်။

အဝေးပြေးယာဉ်ပိုင်ရှင်တဦးက “အပြင်ဆီဈေးကျတာ မှန်တယ်၊ ဒါပေမဲ့ အစိုးရထုတ်ဆီဈေးက ချမပေးသေးဘူး၊ အပြင်ဈေးကျလို့ အပြင်ကချည်းပဲဝယ်ထည့်လို့ ရတာမဟုတ်ဘူး၊ အစိုးရက သူ့ဆီမဝယ်ရင် ဆီစာအုပ်သိမ်းဦးမှာ၊ အဲဒီတော့ အစိုးရဆီကိုလည်း မဖြစ်မနေဝယ်နေရသေးတာ” ဟုပြောသည်။

အစိုးရစက်သုံးဆီဝယ်ယူမှုစာအုပ်နောက်ကျောတွင် အစိုးရလောင်စာဆီကို နှစ်လထက်ကျော်လွန်၍ဝယ်ယူခြင်းမပြုခဲ့ပါက လောင်စာဆီဝယ်ယူခွင့်ပိတ်မည်ဟုရေးထားသဖြင့် ယာဉ်ပိုင်ရှင်များအနေဖြင့် မဖြစ်မနေဝယ်ယူနေကြရဆဲဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လောင်စာဆီဈေးတက်မှုကိုအကြောင်းပြကာ အစိုးရက ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ဓါတ်ဆီ၊ ဒီဇယ်ဆီ တဂါလံ ၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချနေရာမှ ဓါတ်ဆီ ၂၅၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်သို့ တိုးမြှင့်ခဲ့သည်။ ယခု ကမ္ဘာ့လောင်စာဆီဈေးနှုန်း ကျဆင်းလာသော်လည်း ချရောင်းပေးခြင်း မရှိသေးပေ။

“တန်ပိုကတ္တားဂိတ် ၂ ခု ဒီနှစ်ဆန်းပိုင်းမှာပဲ ထပ်တိုးသွားတယ်၊ ပျဉ်းမနားကြီးနဲ့ စဉ့်ကိုင်မှာ၊ နောက်ပြီး ဆွာ၊ ညောင်လေးပင်တို့မှာလည်း တိုးဦးမှာ၊ နောက်ပိုင်း မိုင် ၅၀ ကိုတဂိတ်ထားမယ်ကြားတယ်၊ တံတားကြေးတွေကလည်း တက်တယ်၊ အရင်တသောင်းလောက်ပေးရတဲ့တံတားတွေကို အခု တသောင်း နှစ်ထောင်၊ တသောင်းသုံးထောင်ပေးနေကြရတာ” ယာဉ်ပိုင်ရှင်ကပြောသည်။

ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီးကို အစိုးရက ပုဂ္ဂလိကကုမ္ပဏီများကို ၂၀၀၃ ခုနှစ်မှ စတင်လုပ်ကိုင်စေကာ လုပ်ကိုင်သည့်လမ်းပိုင်းအလိုက် အခွန်ကောက်ခံမှုလုပ်ငန်းများကို ပြန်လည်ချထားပေးခဲ့သည်။ ကားများ ကတ္တားတက်ရာတွင် ကုမ္ပဏီတခုနှင့်တခုကောက်ယူသည့်နှုန်းထားမတူကြောင်း သိရသည်။

ကားတန်ဆာခများ ဈေးချမပေးနိုင်သကဲ့သို့ ကုန်ရရှိမှုကလည်း လျော့ကျနေကြောင်း ဘုရင့်နောင်အဝေးပြေးဂိတ်ပိုင်တဦးကဆိုသည်။ ယခင်က ဂိတ် တခုမှ တရက်လျှင် ကုန်ကားသုံးစီးစာအထိ ကုန်ရှာပေးနိုင်သော်လည်း ယခု အခါ တရက်တစီးရအောင် မနည်းအားထုတ်နေကြရသည်ဟု ဂိတ်ပိုင်နှင့် ယာဉ်ပိုင်ရှင်များကပြောသည်။

“အရင်က အစိုးရစီမံကိန်းကုန်လေးတွေရတတ်တယ်၊ သွပ်၊ ဘိလပ်မြေ၊ သံချောင်း၊ ကတ္တရာပုံး အဲဒါမျိုးလေးတွေ၊ အခု အဲဒါတွေ လုံးဝမရကြတော့ဘူး၊ ဘာကြောင့်လဲတော့မသိဘူး၊ ဂိတ်တိုင်း အဲဒီလိုဖြစ်နေကြတာ၊ အရပ်ကုန်ကိုပဲ အားထားနေကြရတယ်၊ အရင်ကုန်ကလည်း စီးပွါးရေးကျနေတော့ ပါးပါတယ်၊ ဆီဈေးကျပေမယ့် ကားသမားတွေလည်း မကိုက်ဘူး၊ အခွန်အကောက်တွေ လျှော့ပေးမှသာ တန်ဆာခကို ဒီထက်ပိုလျှော့ပေးလို့ရမှာ” ဟု ဂိတ်ပိုင်ကပြောသည်။

# ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီး၏လမ်းများကို ကြံ့ဖွတ်ဝင်မှလမ်းခင်းပေး

**NEJ၊ ဖေဖော်ဝါရီ ၁၂။**  ။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီး၏လမ်းများကို ရန်ကုန်မြို့တော်ဝန်က ကြံ့ဖွံ့အသင်းဝင်သူများသည့်ရပ်ကွက်ကိုသာ ဦးစားပေးပြင်ဆင်ကြောင်း ရန်ကုန်မြို့ခံများကပြောသည်။

“ရပ်ကွက်တခုမှာရှိတဲ့ ကြံ့ဖွတ်အဖွဲ့ဝင်တွေကိုယ်တိုင်က အချိုကဆိုရင် လူမှုရေးကိစ္စတွေကို စိတ်မဝင်စားကြဘူး၊ အမှန်မှာဆိုရင် သူတို့ကြံ့ဖွတ်အသင်းက လောလောဆယ် အာဏာရှိနေတာပဲ၊ ရပ်ကွက်အတွင်းကလမ်းတွေကို ချိုင့်တွေဖြစ်နေရာကနေ လမ်းကောင်းပြန်ဖြစ်ဘို့ဆိုတာ သူတို့ကစွမ်းဆောင်ရင်ရတယ်၊ အခုက အဲဒီလိုမဟုတ်၊ သူတို့က ရန်ကုန်တိုင်း ကြံ့ဖွတ်ဗဟိုအလုပ်အမှုဆောင်ဆိုတဲ့ မြို့တော်ဝန်ကို ဒီလမ်းမှာ ကြံ့ဖွတ်ဝင်မယ့်သူတွေရှိတယ်၊ လမ်းခင်းပေးမယ်ဆိုရင် အသင်းဝင်မယ်သူတွေချည်းပဲဆိုပြီး ဖားပြီးတော့ပြောတယ်၊ ဒီလိုဆိုရင် မြို့တော်ဝန်က ခင်းပေးမယ်လို့ပြောလိုက်တယ်၊ အဲဒီလိုလည်းပြောရော ရပ်ကွက်မှာ အားလုံးကို ကြံ့ဖွတ်အသင်းဝင်ခိုင်းတော့တာပဲ” ဟု ဒဂုံမြို့သစ် တောင်ပိုင်းသားတဦးကပြောသည်။

မြို့တော်ဝန်ကလည်း ကြံ့ဖွတ်အသင်းသားများကို မည်သည့်နည်းနှင့်ဖြစ်စေ အသင်းသားအရေအတွက်တိုးပွါးစေရေးကိုသာဦးတည်၍ စည်းရုံးခိုင်းထားကြောင်း ဒဂုံမြို့သစ်တောင်ပိုင်းမှ ကြံ့ဖွတ်အသင်းသားတဦးကပြောသည်။

“ဒီလမ်းကို ကြံ့ဖွတ်ကခင်းပေးတာဟုတ်တယ်၊ ပိုက်ဆံလည်းမပေးရပါ ဘူး၊ ဒါပေမဲ့ ကျနော်တို့ကို ကြံ့ဖွတ်အသင်းကို အတင်းဝင်ခိုင်းတယ်၊ မဝင်ရင် ဘာလုပ်မယ် ညာလုပ်မယ်လို့တော့ မခြိမ်းခြောက်ပါဘူး၊ အသင်းကိုဝင်ဘို့ချည်း ပြောနေတဲ့အတွက် စိတ်ထိခိုက်ရတယ်” ဟု တောင်ဒဂုံ ၅၄ ရပ်ကွက်သားတဦးက ၎င်းတို့ရပ်ကွက်ရှိလမ်းကိုပြုပြင်ပေးပုံနှင့်ပတ်သက်၍ ပြောသည်။

ပြည်တွင်းသတင်းဂျာနယ်များကရေးသားကြသည်မှာ မြို့တော်ဝန်က လမ်းပေါင်း ၉၀ ကျော်ကို အခမဲ့ခင်းပေးနေကြောင်း ပါရှိသည်။

“ကျနော်တိုရပ်ကွက်မှာ လမ်းခင်းပေးမယ်တဲ့၊ အခုကတည်းက အသင်းဝင်အဆိုပြုလွှာတွေမှာ အသင်းဝင်ပါတယ်ဆိုတဲ့အကြောင်း နာမည်၊ လိပ်စာ၊ အသက်၊ မှတ်ပုံတင်နံပါတ်အပြည့်အစုံကိုရေးပြီး ပေးလိုက်ရပြီ၊ ဘာပဲဖြစ်ဖြစ်၊ လမ်းကကောင်းမယ်လို့ပြောတယ်၊ ကျနော် ကြံ့ဖွတ်ကိုတော့ မဝင်ချင်ဘူး” ဟု တောင်ဒဂုံ ၅၃ ရပ်ကွက်သားတဦးကပြောသည်။

ရန်ကုန်တွင်ရှိသော လှိုင်သာယာမြို့သစ်၊ ရွှေပြည်သာမြို့သစ်၊ ရွှေပေါက်ကံမြို့သစ်၊ ဒဂုံမြို့သစ် (တောင်+မြောက်+ရှေ့) နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များရှိလမ်းများမှာ မြေသားလမ်းအများစုတည်ရှိပြီး ၎င်းမြေသားလမ်းများမှာ မိုးတွင်းအခါ ရေမြုပ်၊ ပွက်ထကာ နွေရာသီတွင်ဖုန်ထ၍ ချိုင့်ခွက်ကြီးများအဖြစ်ရှိနေကြောင်း ရွှေပြည်သာမြို့သစ်နေသူတဦးကပြောသည်။

ယခုအခါ မြို့နယ်ရပ်ကွက်များအသီးသီးရှိ ကြံ့ဖွတ်အဖွဲ့ဝင်များ၏ အကြီးဆုံးများဖြစ်ကြသော ဥက္ကဌ၊ အတွင်းရေးမှူးတို့မှာ အာဏာရှိသူများပီပီ ကြံ့ဖွတ်အသင်းဝင်များဖြစ်ရန် လူများကိုစည်းရုံးကာ လမ်းမခင်းပေးမီကပင် ခင်းပေးမည်ဟုဆိုကာ အသင်းဝင်အဆိုပြုလွှာများ ကြိုတင်တောင်းခံကြောင်း ရန်ကုန်မြို့ခံများထံမှသိရသည်။

# ရန်ကုန်တိုင်းအတွင်း ကြက်ဘဲ အစုလိုက်အပြုံလိုက်သေဆုံး

**FRA । ဖေဖော်ဝါရီ ၁၁ ။** ။ ကွမ်းခြံကုန်းမြို့နယ်အတွင်းမွေးမြူထားတဲ့ ကြက်ခြံတွေက ကြက်တွေဟာ အစုလိုက်အပြုံလိုက်ကြက်နာကျပြီးသေလာတာကြောင့် ကြက် ငှက်တုပ်ကွေးဖြစ်မှာကိုစိုးရိမ်ပြီး သတ်ဖြတ်မြေမြှုပ်လိုက်ကြတယ်လို့ သိရပါတယ်။

ကွမ်းခြံကုန်းမြို့နယ် ကသစ်ကုန်းကျေးရွာမှာမွေးမြူထားတဲ့ ဦးစန်းမောင် ကြက်ခြံမှာ ဖေဖော်ဝါရီ ၄ ရက်နေ့ကဖြစ်ကြောင်း ဒေသခံတဦးကပြောပါတယ်။

ကသစ်ကုန်းကျေးရွာမှာ ကိုစန်းမောင်ခြံပဲဖြစ်ပါတယ်၊ မွေးမြူရေးဥစားကြက် အကောင် ၅၀၀ ကျော်၊ တနေ့ကို ၁၀ ကောင်၊ နောက်ရက်ကျ အကောင် ၂၀ သေတယ်၊ နောက်ရက်ကျ အကောင် ၃၀ သေတယ်၊ တနေ့ကို ဆတိုးသေလာတာ၊ အဲဒီလိုမျိုးသေတာကို ဘာဖြစ်မှန်းမသိဘူး၊ လည်လိမ်ရောဂါလိုလို ဘာလိုလိုတဲ့၊ နောက်ရက်ကျ အကောင် ၃၀၀ လောက်သေပြီးတော့မှ ကျန်တဲ့၂၀၀ ကို ညတွင်းချင်းပဲရိုက်သတ်ပြီး အကုန်မြေမြှုပ်လိုက်တယ်။

အခုလို ကြက်တွေအများအပြားသေတာနဲ့ပတ်သက်ပြီး ကြက်ငှက်တုပ်ကွေး ဟုတ် မဟုတ်ကို အတည်ပြုနိုင်ခြင်းမရှိသေးသလို အာဏာပိုင်တွေဘက်က ဝင်ရောက်စစ်ဆေးတာလည်းမရှိသေးပါဘူး။ ကွမ်းခြံကုန်းနဲ့ ကော့မှူးမှာ ကြက်သားဈေးထိုးကျသွားပြီး ဝယ်သူမရှိသလောက်ဖြစ်နေတယ်လို့သိရပါတယ်။

ကျမတို့ဆီမှာ ကြက်က ဈေးမရှိတော့ဘူး၊ စောစောတုန်းကဆိုရင် ၄၀၀၀ ဈေး ၅၀၀၀ ဈေးရှိတယ်၊ အခု ၂၀၀၀ ကျော်လောက်ပဲ၊ ဒလကကြက် ဆိုင်တွေဆို မနေ့ကပိတ်ထားလို့ မနက်ကတင်သွားတဲ့ကြက်တွေ ကော့မှူးကို ပြန်သယ်လာရတယ်၊ ကွမ်းခြံကုန်းမှာ ပိတ်ထားတယ်လို့တော့မဟုတ်ဘူး၊ ရောင်းတာတော့ရှိတယ်၊ ကြက်ဥဘဲဥတွေ ဈေးကျတယ်၊ အရင်တုန်းကဆိုရင် ဘဲဥ တလုံး ၁၃၀– ၁၅၀ လောက်အထိပဲရှိတယ်၊ အခု ဘဲဥကို ဒိုင်သွင်းတာ ၅၀ ပဲ။

ဒီကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းရှိ မွေးမြူရေးနဲ့ ဆေးသကုသရေးဌာနကိုဆက်သွယ်မေးမြန်းရာမှာ သူတို့အနေနဲ့မသိရသေးသလို အသိပေးအကြောင်းကြားလာတာတွေလည်းမရှိသေးဘူးလို့သာ ဖြေဆိုခဲ့ပါတယ်။

အခုလိုကြက်နာကျသေဆုံးတာတွေဟာ ကွမ်းခြံကုန်းမြို့နယ်အတွင်းမှာ မကြာခဏကြားသိနေရပေမဲ့ အခုလိုအများအပြားသေဆုံးတာမရှိခဲ့လို့ ဒေသခံပြည်သူတွေကတော့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်လာမှာကိုစိုးရိမ်နေပါတယ်။

ကွမ်းခြံကုန်းအတွင်းရောင်းချတဲ့ ဝက်သား၊ ကြက်သား၊ အမဲသား စတဲ့ အသားဈေးတွေကိုလည်း ပြီးခဲ့တဲ့နှစ် လိုင်စင်သက်တမ်းကုန်လို့ နောက်လာမယ့် သက်တမ်းတိုးပြီးရင်တော့ အသားဈေးတွေ ၂၅၀၀ ကျပ်နှုန်းနဲ့ရောင်းချကြဖို့ အာဏာပိုင်တွေက စာကပ်ပြီး အမိန့်ထုတ်ပြန်ထားတယ်လို့သိရပါတယ်။

အလားတူပဲ ရန်ကုန်တိုင်း လေးထောင့်ကန်ကျေးရွာနဲ့ ဇိုက်မွေးကျေးရွာတွေက မွေးမြူရေးခြံတွေမှာ ကြက်တွေ နေ့စဉ်အနာကျပြီးသေဆုံးနေပေမဲ့ သက်ဆိုင်ရာကျန်းမာရေးဌာနက စစ်ဆေးတာ၊ ကုသတာ၊ သုတ်သင်တာတွေမရှိလို့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်မှာစိုးရိမ်ရတယ်လို့ သတင်းရရှိပါတယ်။

ကြက်မွေးမြူရေးသမားတွေကတော့ အခုချိန်ဟာ ကြက်နာကျတဲ့ရာသီဖြစ်လို့ ပုံမှန်သေဆုံးတာမျိုးလို့ယူဆနေကြပြီး တချို့က ကြက်သေတွေကို မြှုပ်ပေမဲ့ တချို့ကြက်သေတွေကိုတော့ ကိုယ့်ပတ်ဝန်းကျင်တဝိုက်က စားသုံးမယ့်သူတွေကိုဝေငှလိုက်တာတွေလည်းရှိတယ်လို့ သိရပါတယ်။ သက်ဆိုင်ရာအာဏာပိုင်တွေက အသားတွေကိုကျက်အောင် ချက်ပြုတ်စားသောက်လျှင် အန္တရာယ်နဲ့ကင်းတယ်လို့ အရင်တုန်းက ကြက်ငှက်တုပ်ကွေးရောဂါနဲ့ပတ် သက်ပြီး ပညာပေးပို့ချထားတဲ့အတွက် စိုးရိမ်စိတ်မရှိပဲ အခုလိုစားသုံးနေတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒေသခံတွေက အခုကိစ္စကို သာမန်ဖြစ်ရိုးဖြစ်စဉ်လို့ယူဆနေကြပေမဲ့ သက်ဆိုင်ရာက စနစ်တကျဆောင်ရွက်ပေးတာပြုလုပ်သင့်ကြောင်းနဲ့ အခု အဲဒီလိုဆောင်ရွက်တာမျိုးတွေမရှိသေးတဲ့အတွက် စိုးရိမ်ရကြောင်းပြောပါတယ်။

---

## မြန်မာ့အရေး မောလ်ဒိုက်သမတက ဂမ်ဘာရီထံစာပို့

**FRA । ဖေဖော်ဝါရီ ၁၂ ။** ။ မြန်မာစစ်အစိုးရအာဏာပိုင်တွေက ငြိမ်းချမ်းရေးနိုဘဲလ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ကို အခုအချိန်ထိ နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားတဲ့ကိစ္စကို နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်ခဲ့ဘူးတဲ့ မော်လ်ဒိုက်နိုင်ငံသမတ မိုဟာမက်နရှ်ဟိဒ်က ပြစ်တင်ကန့်ကွက်လိုက်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီထံပေးပို့တဲ့စာမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးအတွက် ပိုမိုခိုင်မာတဲ့ရလဒ်ထွက်ပေါ်လာဖို့ကြိုးစားရန် သမတနရှ်ဟိဒ်က ရေးသားတိုက်တွန်းထားပါတယ်။

မစ္စတာနရှ်ဟိဒ်ဟာ ယုံကြည်ချက်ကြောင့် ၁၉၉၁ ခုနှစ်မှာ အကျဉ်းကျခံခဲ့ရသူဖြစ်ပြီး မော်လ်ဒိုက်နိုင်ငံမှာ ၂၀၀၈ ခုနှစ် အောက်တိုဘာလကမှ ပထမဆုံးကျင်းပတဲ့ပါတီစုံရွေးကောက်ပွဲမှာ အနိုင်ရပြီး သမတဖြစ်လာသူပါ။

မစ္စတာဂမ်ဘာရီထံပေးပို့တဲ့စာထဲမှာ ဒီမိုကရေစီရေး သိသိသာသာ တိုးတက်မှုမရှိတဲ့အပြင် မြန်မာနိုင်ငံက နိုင်ငံရေးအခြေအနေကို စိုးရိမ်ပူပန်ရတယ်၊ ဒါ့အပြင် သူ့နိုင်ငံမှာ မနှစ်ကကျင်းပခဲ့တဲ့ ပါတီစုံရွေးကောက်ပွဲကနေ နှစ် ၃၀ ကြာအုပ်ချုပ်နေတဲ့အာဏာရှင်တရပ်ကိုဖြုတ်ချနိုင်ခဲ့တယ်လို့ သူကဖော်ပြထားပါတယ်။

မြန်မာစစ်အစိုးရခေါင်းဆောင်တွေဟာ လူ့အခွင့်အရေးအမြဲမပြတ်ချိုးဖောက်နေတာကိုတွေ့မြင်ရတာ အလွန်အမင်းစိတ်မချမ်းမြေ့စရာကောင်းကြောင်း၊ ဒီမိုကရေစီရေးလှုပ်ရှားသူ ၂၇၀ ကျော်ကို မကြာသေးခင်က ထောင်သွင်းအကျဉ်းချလိုက်ပြီး တချို့ကိုဆိုရင် နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ခဲ့တဲ့ အကြောင်း မစ္စတာနရှ်ဟိဒ်ကပြောပါတယ်။

လွတ်မြောက်မယ့်မျှော်လင့်ချက် လောလောဆယ်ကင်းမဲ့နေပြီး မြန်မာနိုင်ငံထဲကအကျဉ်းထောင်တွေထဲ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ နီးပါးရှိနေတာကို ကိုယ်တိုင်နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့တဲ့ သူ့အဖို့ အထူးစိတ်ပျက်မိတယ်လို့ ဆိုပါတယ်။ နိုင်ငံရေးလမ်းညွှန်ချက် ၇ ချက်ဟာ အတုအယောင်ဖြစ်တာမို့ ကမ္ဘာကိုမျက်စိလည်သွားအောင်လုပ်လို့မရဘူးလို့လည်း မစ္စတာဂမ်ဘာရီထံ ပေးပို့တဲ့စာမှာ နိဂုံးချုပ်ထားပါတယ်။

---

**မောင်ပုညမှ**

ခွဆုံအကွေး၊ သစ်ခေါင်းဆွေးလည်း
အဖေးတက်လာ၊ အိုင်းအမာသို့
ကျယ်စွာဟက်ပက် ခြံအိမ်ပျက်။
ကုန်းမိုကမ်းပါး၊ မြေပပ်ကြားတွင်
စစ်သားခမောက်၊ ပိန်ခြောက်ခြောက်လည်း
စစ်ရောက်စခန်း၊ လက်ပြည့်ွန်း။
ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ၊ ခြံအုံလည်းဖြစ်
ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်
လေပြင်းခိုက်လျက်၊ မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင် ယောက်ျားကောင်းတကား ။ ။

တာရာမဂ္ဂဇင်း (၁၉၄၉)

**(ဆက်လက်ဖော်ပြပါမည်)**

# ရွှေဈေးကျသော်လည်း ဝယ်သူမရှိ

**DVB၊ ဖေဖော်ဝါရီ ၁၂။** ။ စီးပွားရေးကျဆင်းလို့ လုပ်ငန်းသမားတွေရော ငွေစု ထားတဲ့သာမန်လူတွေပါ ဘာရင်းနှီးမြှုပ်နှံထားရမှန်းမသိဖြစ်နေချိန်မှာ ရွှေဈေးက ကျပ်ငါးသိန်းအောက်ရောက်နေပေမယ့် ရန်ကုန်ရွှေဆိုင်တွေမှာ ဝယ်သူမရှိ သလောက်ဖြစ်နေပါတယ်။

ဘာကုန်ပစ္စည်းမှမလှောင်ရဲတော့ဘဲ အများစုကဝယ်ယူရင်းနှီးမြှုပ်နှံ လေ့ရှိတဲ့ အိမ်ခြံမြေ၊ ကား စတာတွေဘက်လည်း မလှည့်ရဲတော့ဘူးလို့ ရန်ကုန် က အရောင်းအဝယ်သမားတချို့ကပြောပါတယ်။

အခုစီးပွားပျက်ကပ်ခါစက ရွှေတကျပ်သားကို ကျပ်ငါးသိန်းခွဲလောက်မှာ ဈေးတန့်နေခဲ့ရာက ပြီးခဲ့တဲ့လကုန်ပိုင်းမှာ ငါးသိန်းအောက်စကျသွားတုန်းက အခေါက်ရွှေဝယ်သူ နည်းနည်းရှိခဲ့တယ်လို့ ရွှေဆိုင်တချို့ကပြောပါတယ်။

ယမန်နှစ် နှစ်ဆန်းပိုင်းမှာတော့ ရွှေဈေး ကျပ်ခြောက်သိန်းကျော်အထိ ဖြစ်ခဲ့ဘူးပါတယ်။ ဒီနေ့ရွှေဈေးက ပျမ်းမျှ ကျပ် ၄၉၀,၀၀၀ ပါ။

လွန်ခဲ့တဲ့တနှစ်လောက်က တကျပ်သားကို အများဆုံး ကျပ်သုံးသိန်း လောက်ပဲရှိခဲ့တာကြောင့် အခု ၄၈၀,၀၀၀ လောက်အထိသာကျသေးတာပါလို့ စီးပွါးရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်းက တွက်ချက်သုံးသပ် ပါတယ်။

"အောက်ဆုံးအခြေအနေမရောက်သေးဘဲဝယ်ထားရင် လက်ရှိဝယ် ထားတာကနေ အရင်ဈေးမျိုး ခြောက်သိန်းခွဲခုနစ်သိန်းနီးပါးလောက်ရောက် အောင်ဆိုရင် တော်တော်စောင့်ရလိမ့်မယ်ထင်တယ်"

လက်ထဲငွေကိုင်မထားချင်တဲ့သူတွေ အရောင်းသွက်ကုန်ကိုပဲ လက်ထဲ ကြာကြာမထားဘဲ ဝယ်ရောင်းသင့်ပါတယ်လို့ ဦးမော်သန်းကအကြံပြုပါတယ်။

"ပစ္စည်းဝယ်တဲ့အခါမှာ သွက်သွက်လက်လက်ဝယ်ရောင်းသင့်ပါတယ်၊ ပစ္စည်းကိုင်ထားပြီးတော့ အမြတ်မျှော်လုပ်ဘို့အခွင့်အလမ်းကတော့ အခုအချိန် အတွင်းမှာမကောင်းပါဘူး"။

# ကဗျာဆရာကြီးမင်းသုဝဏ် ရာပြည့်

**BBC၊ ဖေဖော်ဝါရီ ၁၀။** ။ ဆရာကြီးမင်းသုဝဏ်ကို ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ကွမ်းခြံကုန်းမြို့နယ်မှာ မွေးဖွားခဲ့ပါတယ်။

ဆရာကြီးမင်းသုဝဏ်ကို ခေတ်စမ်းစာပေရဲ့ဒေါက်တိုင်ကြီးတွေထဲက တယောက်အဖြစ်နဲ့ရော မြန်မာကလေးကဗျာတွေကိုမွေးဖွားပေးခဲ့တဲ့ဖခင်ကြီး အဖြစ်ပါ ပြည်သူအများကသိရှိကြပါတယ်။

ဆရာ့ရဲ့ လူသိနည်းတဲ့ ထူးကဲတဲ့ဂုဏ်ဒြပ်တခုကတော့ စာပေပညာရှင် တယောက်ဖြစ်တယ်ဆိုတဲ့အကြောင်းပါ။ ဆရာဟာ အောက်စဖို့ဒ်တက္ကသိုလ် မှာ ဘာသာဗေဒနဲ့ စာပေပညာဘာသာရပ်တွေကိုလေ့လာခဲ့ပြီး အဘိဓါန်ပညာ ကိုလေ့လာခဲ့သူလည်းဖြစ်ပါတယ်။

ဆရာဟာ ရာထူးဂုဏ်သိန် စည်းစိမ်နောက်ကိုမလိုက်ဘဲ တိုင်းပြည် အတွက်အကျိုးရှိမယ့် အဘိဓါန်ပြုစုရေးမှာ အချိန်တော်တော်ကြာ ဇောက်ချလုပ် ကိုင်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာပါဝင်ခဲ့ပြီး ၁၉၉၀ ခုရွေးကောက်ပွဲပြီးတော့ ဆရာကြီးမင်းသုဝဏ်ဟာ ကမာရွတ်မြို့နယ် လွှတ်တော်အမတ်ဖြစ်လာပါတယ်။

နောက်ပိုင်းမှာ မြန်မာစစ်အစိုးရက ဆရာကြီးရဲ့စာတွေကို စာနယ်ဇင်း တွေမှာဖော်ပြခွင့် ပိတ်ပင်ခဲ့ပါတယ်။ ဆရာကြီးကွယ်လွန်ပြီးတဲ့နောက်ပိုင်းမှသာ ဆရာကြီးရဲ့စာတွေ ကဗျာတွေကို တဖြည်းဖြည်းပြန်ပြီးဖော်ပြခွင့်ပေးခဲ့တာဖြစ် ပါတယ်။ ဆရာကြီးမင်းသုဝဏ်ဟာ မြန်မာ့စာပေသမိုင်းမှာ ရှားရှားပါးပါး အမျိုး သားစာဆိုကြီးတယောက်ဖြစ်ပါတယ်။

# ရန်ကုန်မြို့မှကုန်ဈေးနှုန်း

**DVB၊ ဖေဖော်ဝါရီ ၁၃။** ။ ကြက်ငှက်တွေမှာ ပိုးတွေ့တယ်ဆိုတဲ့သတင်းတွေ ပြီး ခဲ့တဲ့တပတ်ကျော်ကစပြီးထွက်ပေါ်နေလို့ ရန်ကုန်မှာ ကြက်သား၊ ဘဲသား၊ ကြက် ဥ၊ ဘဲဥတွေ အရောင်းပါးနေပြီး ဈေးလည်းကျသွားပါတယ်။

အရင်က ကြက်ဥ ဘဲဥတလုံးကို ကျပ် ၁၀၀ ကျော်ရာက အခု ၈၀ ပါ။

ပေါ်ဆန်းမွှေးဆန်တပြည် ၈၀၀ ကျပ်၊ ညှော့မထ ဖ၀၀၊ အခြေခံစားကုန် ကြက်သွန်နီအကြီး တပိဿာ ဖ၀၀ ကျပ်၊ ကျူကုတ်ကြက်သွန်ဖြူ ၉၀၀၊ အာ လူး ၁,၀၀၀ ဖြစ်ပြီး ပဲဆီ (ရှယ်) တပိဿာ ၃,၁၀၀ ကျပ်၊ အရောဆီ ၂,ဖ၀၀၊ အကြော်ခံဆီ ၁,၉၀၀ ဖြစ်ပါတယ်။

လောင်စာဆီအပြင်ပေါက်ဈေးမှာ ဓါတ်ဆီတဂါလံ ၂,၂၀၀ ကျပ်၊ ဒီဇယ် ၂,၀၀၀ ဖြစ်ပြီး ဓါတ်ဆီနဲ့ဒီဇယ် အစိုးရပေါက်ဈေးက ကျပ် ၃,၀၀၀ ဖြစ်လို့ အပြင်ဈေးထက်ဈေးကြီးနေပါတယ်။ လောင်စာဆီဈေး ကျပ် ၄,၀၀၀ ကနေ ထက်ဝက်လောက်ကျတဲ့အကျိုးကို အငှါးကားသမားတွေမခံစားကြရပေမဲ့ မီး စက်သုံးတဲ့သူတွေတော့ အကျိုးရှိတယ်လို့ ရန်ကုန်မြို့မှစီးပွါးရေးသမားတဦးက ပြောပါတယ်။"မီးစက်မောင်းတဲ့လုပ်ငန်းတွေမှာ လောင်စာဆီဈေးကျတဲ့အတွက် လုပ်ငန်းရှင်တွေက အထိုက်အလျောက် ဈေးနှုန်းချမှုတွေတော့ရှိတာပေါ့"

ငွေလဲနှုန်းမှာ အမေရိကန်တဒေါ်လာ ၁,၀၇၀ ကျပ်၊ ထိုင်းတဘတ် ၂၈ ကျပ် ပြား ၄၀၊ တရုတ်တယွမ် ၁၅၇ ကျပ် ပြား ၅၀၊ ဘင်္ဂလားဒေ့ရှ် တတာကာ ၁၈ ကျပ် ပြား ဖ၀၊ အိန္ဒိယ တရူပီး ၂၃ ကျပ်၊ အက်ဖ်အီးစီတယူနစ် ၉၉၀ ကျပ် ဖြစ်သည်။

ရွှေဈေးကတော့ အခေါက်ရွှေ ကျပ် ၅၀၀,၀၀၀ ဝန်းကျင်၊ ၁၅ ပဲရည် က ၄၇၀,၀၀၀ ကျပ် ဈေးထပ်ကျပါတယ်။

မြန်မာ့ကျောက်မျက်ရတနာတွေကို နိုင်ငံတကာကပိတ်ပင်နေပေမယ့် ရန်ကုန်မြို့ကကျောက်မျက်ရတနာပြတိုက်ထက်ပိုကြီးမားတဲ့ပြတိုက်ကို စစ်အစိုး ရရုံးစိုက်ရာ နေပြည်တော်မှာဖွင့်လှစ်လိုက်ပါပြီ။

# ခပ်ညံ့ညံ့မြန်မာဆန် ကမ္ဘာ့ဈေးကွက်အရောင်းသွက်

**NEJ၊ ဖေဖော်ဝါရီ ၁၃။** ။ မြန်မာ့ဆန်မှာ အရည်အသွေးညံ့သည့်တိုင် အာဖရိ ကမှအဝယ်လိုက်နေသည့်အတွက် ဂျန်နဝါရီလမှစပြီး တန်ချိန် ၄၀၀,၀၀၀ ထိ အရောင်းသွက်နေသည်ဟု အာရှဒေသတွင်းရှိ ဆန်ကြိုရောင်းကြိုဝယ်သမားများ ကပြောသည်။

ဗီယက်နမ်ဆန်က တတန်ကို ကန်ဒေါ်လာ ၃၄၈ မှ ၃၅၃ ဒေါ်လာထိ ရောင်းနေချိန်တွင် ဆန်အကျိုး ၂၅ ရာနှုန်းပါသည့်မြန်မာဆန်ကို တတန် ကန် ဒေါ်လာ ၂၇၀ မှ ၂၈၀ ထိချရောင်းသည့်အတွက် ယခုကဲ့သို့အရောင်းတက် လာခြင်းဖြစ်သည်ဟုဆို၏။ ၂၀၀၈ ခုနှစ် နာဂစ်မတိုင်ခင် ဧပြီလ မြန်မာဆန်ပြည် ပရောင်းသည့်ပမာဏမှာ တန်ချိန် ၁၀၀,၀၀၀ ဝန်းကျင်ရှိသည်။

ထိုင်းဆန်ပြည်ပပို့သည့်နှုန်း လျော့ချရန်ပြင်နေချိန်တွင် မြန်မာနှင့်အိန္ဒိယ က ပြည်ပဆန်တင်ပို့မှုကိုတိုးရန် လျာထားနေသည်။ အမေရိကန်လယ်ယာစိုက် ပျိုးရေးဝန်ကြီးဌာနထုတ်ပြန်ချက်အရဆိုလျှင် ၂၀၀၉ ခုနှစ်အတွက် ကမ္ဘာ့ဆန် ရောင်းဝယ်မှုပမာဏမှာ တန်ချိန် ၂၉.၅ သန်းသာရှိသည့်အတွက် ၂၀၀၇ ခုနှစ် ကမှန်းထားချက်ထက် ၈ ရာနှုန်းကျဆင်းသွားသည်။

ဆန်ဈေးတက်လာသည့်အချက်၊ ဆန်တင်ပို့မှုထိန်းချုပ်လာသည့်အချက် တို့ကြောင့် ၂၀၀၇ ခုနှစ်မှစပြီး ကမ္ဘာ့ဆန်ရောင်းဝယ်မှုပမာဏ ကျဆင်းလာ သည်။

ဖေဖော်ဝါရီလတွင်ထုတ်ပြန်သည့် အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန် ကြီးဌာနအစီရင်ခံစာအရ ထိုင်းနိုင်ငံမှ ပြည်ပဆန်တင်ပို့မှုကို တန်ချိန် ၅၀၀,၀၀၀

**စာမျက်နှာ ၇ သို့**

## မန္တလေးမီး သိန်း ၂၀၀ ကျော်ဆုံးရှုံး၊ အိမ်ခြေ ၃၂၀ ပြာကျ

**NEJ ၊ ဖေဖော်ဝါရီ ၁၁ ။** ။ မန္တလေးတွင် ဖေဖော်ဝါရီ ၉ ရက်နေ့ မီးလောင်မှုဖြစ်ပွားရာတွင် ၁ နာရီကြာမှ မီးသတ်ကားများရောက်လာသည့်အတွက် နေအိမ်အလုံး ၃၂၀ မီးလောင်ပြာကျမှုဖြစ်ခဲ့ရကြောင်း သိရသည်။

"မီးလောင်တဲ့အချိန်က ၃ နာရီလောက်ကပါ။ ဒါပေမဲ့ မီးသတ်သားတွေရောက်လာပြီး မီးငြိမ်းတာက ၄ နာရီလောက်မှဆိုတော့ ပြာကျပြီးမှရောက်လာတဲ့သဘောပေါ့" ဟု မန္တလေးမှမီးလောင်မှုဖြစ်စဉ်ကို ကိုယ်တွေ့မြင်သိခဲ့သူတဦးကပြောသည်။

အဆိုပါမီးလောင်မှုမှာ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ဗ–၁၄ အကွက်ငယ် အမှတ် (၂၃/က–ခ) နေအိမ်ငှါးနေသူ ဦးမင်းမင်းစိုး၏ စိုးရာဇာဆိုင်ကယ်ပြင်ဆိုင်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

"ဆိုင်ကယ်ပြင်ဆိုင်ကို အိမ်ထဲမှာဖွင့်ထားတာ၊ ဆိုင်ကယ်ပြင်နေတဲ့အချိန်မှာ စက်ကိုလည်းနှိုးထားတယ်၊ နှိုးထားရင်းနဲ့ ဓါတ်ဆီထည့်လိုက်တာ လောင်ရော" ဟု မျက်မြင်တဦးကပြောသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မန္တလေးတိုင်းမီးသတ်ဦးစီးဌာနကို ဆက်သွယ်မေးမြန်းရာ အိမ်အလုံးရေ ၃၂၀ မီးလောင်ပြီး လူဦးရေ ၁,၆၁၉ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း အတည်ပြုပြောကြားသည်။

"အခုမီးလောင်ပြင်ရပ်ကွက်နဲ့နီးစပ်တဲ့ ဗ–၂၄ အကွက်၊ ဗ–၂၅ အကွက် ဗ–၁၀ အကွက်၊ ဗ–၂၁ အကွက်တွေမှာ ကယ်ဆယ်ရေးစခန်းဖွင့်ထားတယ်၊ ဓမ္မာရုံတွေမှာထားတာတွေ့တယ်၊ ဒုက္ခသည်တွေကို ရပ်ကွက်တွေကသွားပြီး လှူကြတယ်၊ လောလောဆယ်ကတော့ အစိုးရက ဘာတွေလုပ်ပေးမယ်ဆိုတာ မသိရသေးဘူး" ဟု ဗ–၂၅ အကွက်နေ ပြည်သူတဦးကပြောသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်တွင် ဆုံးရှုံးမှုတန်ဖိုးကို ကျပ် သိန်း ၂၀၀ ကျော်ရှိသည်ဟု မီးသတ်ဦးစီးဌာနကသတ်မှတ်ထားကြောင်း သိရသည်။

## မရမ်းကုန်းဓါတ်အားခွဲရုံ မီးလောင်

**NEJ ၊ ဖေဖော်ဝါရီ ၁၃ ။** ။ ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့ညနေ ၄ နာရီ အချိန်ခန့်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စိန်ပန်းမြိုင်လျှပ်စစ်ဓါတ်အားခွဲစက်ရုံမီးလောင်ကြောင်း ရန်ကုန်မြို့ခံများ၏ပြောပြချက်အရသိရသည်။

မီးလောင်မှုကြောင့် ထရန်စဖော်မာတလုံးပျက်စီးခဲ့ပြီး မြို့နယ်လျှပ်စစ်ရုံးတာဝန်ခံတဦး၏ပြောပြချက်အရ မီးလောင်မှုကြောင့် သိန်း ၃၀၀ ဖိုးဆုံးရှုံးသွားသည်ဟု သိရသည်။

မီးလောင်ရခြင်းအကြောင်းရင်းမှာ ထရန်စဖော်မာကိုသွားသောမြေအောက်ကြိုး ရှော့ခ်ဖြစ်၍ မီးပွါးများထွက်ရာကတဆင့် ထရန်စဖော်မာထဲရှိ လောင်စာဆီကို ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း မျက်မြင်တဦးကပြော သည်။

အငြိမ်းစားလျှပ်စစ်အင်ဂျင်နီယာတဦး၏ပြောပြချက်အရ ရန်ကုန်မြို့ရှိ လျှပ်စစ်ထရန်စဖော်မာများအားလုံးမှာ ဟောင်းနေသည့်အတွက် အန္တရာယ်ရှိကြောင်း၊ ယခုလျှပ်စစ်ပေးဝေမှုပြုလုပ်ရာတွင်လည်း လုံလောက်သောဓါတ်အားကိုမပေးဝေနိုင်ခြင်းမှာ ယင်းသို့ထရန်စဖော်မာများ ကာလရှည်ကြာဟောင်းနေသည့်အတွက်ဖြစ်ကြောင်း ပြောသည်။

၁၂ ရက်နေ့ကလောင်သောထရန်စဖော်မာမှာ ကမ္ဘာအေးဗီလာနဲ့နီးသည့်အတွက် အမြန်ပြန်လည်တပ်ဆင်ကြောင်း ရန်ကုန်မြို့ခံတဦးကပြောသည်။

"အဲဒီကမ္ဘာအေးဗီလာထဲမှာက အိမ်တလုံးကို သိန်းပေါင်း သောင်းနဲ့ချီတန်တယ်၊ နေတဲ့သူတွေကလည်း ဗိုလ်မှူးကြီးတွေ၊ ဗိုလ်ချုပ်တွေ၊ ဗိုလ်မှူးချုပ်တွေနေတာ၊ အဲဒီတော့ အမြန်လုပ်ရမှာပဲ၊ ရပ်ကွက်အတွင်းမှာ ထရန်စဖော်မာဝါယာကြိုးပေါက်နေတာလောက်တော့ အနည်းဆုံး တပတ်ကျော်ကြာတယ်" ဟု ရန်ကုန်သားတဦးကပြောသည်။

အဆိုပါမီးလောင်သောထရန်စဖော်မာမှာ တနေ့လျှင် ဗို့အား ၁ သောင်းခန့်ထုတ်ပေးနေကြောင်းသိရသည်။

## မုန်တိုင်းသင့်ဒေသတွင်း ကြက်ဘဲသားပေါက်ဖြန့်ဝေရာတွင်အဂတိလိုက်စား

**RFA ၊ ဖေဖော်ဝါရီ ၁၂ ။** ။ ရောဝတီတိုင်း ဘိုကလေးမြို့နယ်ထဲကကျေးရွာအုပ်စု တချို့မှာ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့စိုက်ပျိုးရေးအဖွဲ့ FAO ကထောက်ပံ့တဲ့အခမဲ့ ဘဲသားပေါက်ဖြန့်ချိရေးမှာ ဒေသခံအာဏာပိုင်တွေရဲ့ မသမာတဲ့လုပ်ရပ်တွေရှိနေတဲ့အတွက် ဒေသခံတချို့ မကျေမနပ်ဖြစ်နေတယ်လို့ သိရပါတယ်။

ဘိုကလေးမြို့နယ်အတွင်း သစ်ဖြူချောင်း၊ မြသိန်းတန်၊ ညီနောင် စတဲ့ကျေးရွာအုပ်စုတွေက ရွာ ၂၀ ကျော်ကို FAO ကလှူဒါန်းတဲ့ ဘဲသားပေါက်တသောင်းနှစ်ထောင်ကို ဒီကနေ့စဖြန့်တယ်လို့ သိရပါတယ်။ ဒီလိုဖြန့်ဝေရာ မှာ မူလသတ်မှတ်တဲ့အရေအတွက်မပြည့်ဘဲ ရှစ်ထောင်ခန့်သာ ပဲခူးနဲ့မအူပင်ကသားပေါက်ဒိုင်တွေဆီက ဝယ်ယူခဲ့တာဖြစ်တယ်လို့ ဒိုင်နဲ့နီးစပ်သူတွေကပြောပါတယ်။ ဒ့ါအပြင် အထီးအမအရေအတွက်လည်း မူလသတ်မှတ်ထားတဲ့စာရင်းအတိုင်းမဟုတ်ဘဲ ဈေးနည်းတဲ့အထီးအရေအတွက်ကများနေတယ်လို့ ကျေးရွာဒေသခံတဦးကပြောပါတယ်။

အခုပေးတာက ဘဲပေါ့၊ ဘဲက တလသားဖြန့်တာ၊ ပေးတာက အကောင်ရှစ်ထောင်လောက်ရှိတယ်၊ အဲဒီမှာ အထီးချည်းပဲ၊ အမက နည်းနည်းလေးပဲ၊ ပါရုံပဲပါတယ်၊ တကယ်ဝေရမှာက အထီးနှစ်ကောင်နဲ့ အမသုံးကောင်၊ တအိမ်ထောင်ကို ၁၅ ကောင်နှုန်းဝေရမှာ၊ ဒါက ပြန့်ပွားဖို့ပေါ့၊ အထီးက တကောင်ကို ၄–၅၀ ပဲတန်တယ်၊ အမက တကောင်ကို ၇၀၀ တန်တယ်၊ ပိုက်ဆံကွာဟချက်က တအားကွာတယ်လေ။

အလားတူပဲ ဒုက္ခသည်တွေအတွက် အရင်က တခြားအိမ်မွေးတိရစ္ဆာန်တွေကူညီရာမှာလည်း မမျှမတဖြစ်တာတွေရှိခဲ့တယ်လို့ သိရပါတယ်။ ဒီလိုမသမာတာတွေရှိခဲ့ပေမဲ့ တောသူတောင်သားတွေအနေနဲ့ FAO ကိုတိုင်ကြားဖို့ရာ အခက်အခဲရှိတယ်လို့ပြောပါတယ်။ အဲဒီနယ်တွေမှာ မွေးမြူရေးတိရစ္ဆာန်အခမဲ့လှူဒါန်းတာကို အရင်က တိမွေးကုက ဦးစီးဆောင်ရွက်တာဖြစ်တယ်လို့ သိရပါတယ်။

**စာမျက်နှာ ၅ မှ**

တော်လှန်ခဲ့တဲ့၊ တိုင်းပြည်အတွက်အသက်စွန့်ခဲ့တဲ့ အာဇာနည်တယောက်ရဲ့ပုံရိပ်ကိုဖျောက်နေတယ်၊ လက်ရှိအစိုးရက၊ ဘာလို့ဖျောက်ဖျက်ရသလဲဆိုတော့ သူတို့ကိုယ်တိုင် မတရားမှုတွေကို ကျူးလွန်နေတဲ့လူတွေဖြစ်နေတဲ့အတွက် ကြောင့် ဒီလိုသူရဲကောင်းတွေ နောက်ထပ်ပေါ်လာမှာ၊ ဒီလိုသူရဲကောင်းအာဇာ နည်တွေကို လေးစားအားကျတဲ့ စိတ်တွေပေါ်လာမှာကို သူတို့ကြောက်တယ်၊ ကြောက်တဲ့အခါကျတော့ ဒါမျိုးတွေကိုဖျောက်ဖျက်ဖို့ကြိုးစားတယ်၊ အဲဒါကို ကျနော်တို့လူငယ်တွေက လုံးဝလက်မခံနိုင်ဘူး၊ ကျနော်တို့လေးစားတဲ့၊ ကျနော်တို့မြတ်နိုးတဲ့၊ ကျနော်တို့ရဲ့သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံကို ကျနော်တို့နည်းကျနော်တို့ဟန်နဲ့ ငွေစက္ကူတွေပေါ်မှာပြန်ပေါ်လာအောင် ရိုက်နှိပ်တယ်၊ ဒါကို ဗိုလ်ချုပ်မွေးနေ့မှာ အမှတ်တရအနေနဲ့ ထုတ်ဖော်ကြေညာတယ်ပေါ့။

မျိုးဆက်သစ်လူငယ်များအစည်းအရုံးဟာ ၂၀၀၇ သံဃာ့အရေးအခင်းမှာပေါ်ပေါက်လာတဲ့ ဒီမိုကရေစီရေးလှုပ်ရှားတဲ့လူငယ်အဖွဲ့အစည်းတခုဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်း အာဏာပိုင်တွေရဲ့ဖမ်းဆီးမှု၊ ဖိနှိပ်မှုအမျိုးမျိုးကြုံရပေမဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို အဆက်မပြတ်ဆောင်ရွက်နေတဲ့အဖွဲ့လည်းဖြစ်ပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 419, Feb 12 2008

ညီညွတ်ခြင်းသည် အင်အား



# မြန်မာဒုက္ခသည်များ ထိုင်းနယ်စပ်မှာ ရောင်းစားခံရ

**NEJ ၊ ဖေဖော်ဝါရီ ၁၃ ။** ။ မလေးရှား–ထိုင်းနယ်စပ်သို့ ပြန်လည်ပို့ဆောင်ခံရသော မြန်မာအလုပ်သမားများကို မလေးရှားလူဝင်မှုကြီးကြပ်ရေးမှဝန်ထမ်းများက လူကုန်ကူးပွဲစားများနှင့် နယ်စပ်ရှိလူမိုက်ဂိုဏ်းများလက်ထံ တဆင့်ခံရောင်းစားနေပြီး လူပွဲစားများကလည်း အမျိုးမျိုးခြိမ်းခြောက်ကာ ပိုက်ဆံမပေးနိုင်သူများကို ပြန်လည်ရောင်းစားနေကြကြောင်း ယင်းနယ်စပ်မှလာသောသတင်းအရ သိရသည်။

လူကုန်ကူးသူပွဲစားအများစုမှာ မြန်မာလူမျိုးများဖြစ်ကြပြီး၊ ထိုဒေသ၌ ကျက်စားနေသော ထိုင်း မလေးရှား လူမိုက်ဂိုဏ်းများက မိုက်ကြေးခွဲကာ ယင်းနယ်စပ်သို့ ပြန်လည်ပို့ဆောင်ခံရသောသူများထံမှ နည်းလမ်းအမျိုးမျိုးသုံးကာ ငွေညှစ်နေကြကြောင်း ထိုလူမိုက်ဂိုဏ်းထဲတွင် ရက် ၂၀ ကျော်နှိပ်စက်ခံရပြီး ပြန်လည်လွတ်မြောက်လာသူ အသက် ၂၀ အရွယ် အမည်မဖော်လိုသူ မွန်အလုပ်သမားတဦးက ခေတ်ပြိုင်သို့ ပြောပြသည်။

ကျနော့်ကိုလာကြိုတော့ မြန်မာနိုင်ငံသားအချင်းချင်းတွေပဲဆိုပြီး ပျော်နေသေးတယ်၊ နောက်ရက်တွေကျတော့ မလေးရှားမှာ ညီအကိုဆွေမျိုးတွေ ရှိသလားလို့ ကျနော့်ကိုမေးတယ်၊ ရှိတယ်လို့ပြောတော့ ဖုန်းဆက်ခိုင်းတယ်၊ ကျနော့်ကိုလာရွေးဖို့လေ၊ ဒါပေမဲ့ သူတို့တောင်းသလောက်မပေးနိုင်လို့ ကျနော့်ကို လူမိုက်တွေလက်ထဲအပ်လိုက်တယ်၊ သူတို့တောင်းတာ မလေးရှားငွေ ၄၅၀၀ ဆိုတော့ ဘယ်ပေးနိုင်မလဲ၊ အဲဒါနဲ့ ရက် ၂၀ ကျော် တိုက်ပိတ်ခံလိုက်ရတယ်။

နောက်ပိုင်းတွင် မလေးရှားရင်းဂစ်ငွေ ၃၂၀၀ ဖြင့် ထိုင်း–မြန်မာနယ်စပ် တနေရာသို့ ပို့ဆောင်ခဲ့ကြောင်း၊ လူမိုက်လက်ထဲတွင် သူနဲ့အတူ တိုက်ပိတ်ခံရသူအယောက် ၂၀ ကျော်ရှိကြောင်းနှင့် ဆွေမျိုးမိဘများဆီသို့ အဆက်အသွယ် မရသေးသူများအထဲတွင် မြန်မာအမျိုးသမီး ၅ ယောက်ကိုလည်း တွေ့ခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

တရားမဝင်မြန်မာအလုပ်သမားများကိုလမ်းမများတွင် ဖမ်းဆီးခံရလျှင် ထောင် ၂ လ၊ နေအိမ်တွင်ဖမ်းဆီးရမိလျှင် ထောင် ၃ လနှင့် ကြိမ်ဒဏ် တချက်ချမှတ်ပြီး၊ မလေးရှား–ထိုင်းနယ်စပ်သို့ ပို့ဆောင်နေကြောင်း ယင်းနယ်စပ်ဖြစ် သော ဟတ်ယိုင်ခရိုင် သာဒေါင်တွင် အလုပ်လုပ်ကိုင်သော ဦးထွန်းဝင်း ကပြော သည်။

စစ်အစိုးရ၏ထုတ်ပြန်ချက်အရ ပြည်ပနိုင်ငံများတွင် တရားမဝင် မြန်မာအလုပ်သမား ၂ သန်းကျော် ရောက်ရှိနေကြောင်းနှင့် တရားဝင်စေလွှတ်ခဲ့သည့် အလုပ်သမားအရေအတွက်မှာ ၅ သောင်းခန့်ရှိကြောင်း သိရသည်။ အဲန်ဂျီအိုများ၏ခန့်မှန်းချက်အရ မလေးရှားတွင် မြန်မာအလုပ်သမား ၂ သိန်းခန့်ရှိသည်။

---

**စာမျက်နှာ ၆ မှ**

ရသည်။ သို့သော် ရွေးချယ်ခံအရပ်သားခေါင်းဆောင်တွေသာ အပြီးသတ်ဆုံးဖြတ်ချက်များကိုချမှတ်ပြီး ထိုဆုံးဖြတ်ချက်များကို စစ်တပ်က အကောင်အထည်ဖော်ရသည်။ ထိုလုပ်ငန်းစဉ်ကို အရပ်သားနိုင်ငံရေးသမားရော၊ အရပ်သားဝန်ထမ်းတွေရော၊ စစ်တပ်ကပါ ကောင်းကောင်းနားလည် သဘောပေါက်ပြီး လက်တွေ့ကျင့်သုံးနိုင်မှသာ နိုင်ငံတည်ငြိမ်ရေး၊ တိုးတက်ရေးဆိုသည်များကို အကောင်အထည်ဖော်နိုင်ပေလိမ့်မည်၊ စစ်တပ်ကို နိုင်ငံရေးသမားများက မထိန်းနိုင်သရွေ့ တိုင်းပြည်၌ ပြဿနာပေါင်းစုံတက်နေဦးမည်ဖြစ်သည်။

စစ်သားဆိုတာကလည်း နိုင်ငံသားများဖြစ်၍ နိုင်ငံရေးဘဝဆိုင်ရာကိစ္စများတွင် အခြားပြည်သူပြည်သားများကဲ့သို့ပင် မိမိတို့ပုဂ္ဂလိကတဦးချင်းစီ၏ သဘောထားရပ်တည်ချက်များဖြင့် အပြည့်အဝပါဝင်လုပ်ဆောင်ခွင့်ရှိသည်။ စစ်သားများ နိုင်ငံရေးလုပ်၍ ရပါသည်။ နိုင်ငံရေးလောကထဲဝင်လိုလျှင် ပထမဦးဆုံး စစ်တပ်ကနေ အနားယူရပါမည်။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့်နိုင်ငံရေး ကို သီးခြားခွဲထုတ်သတ်မှတ်ထားရမည်။ စည်းကို ပြတ်ပြတ်သားသားချထား ရမည်၊ ထိုသဘောထားအယူအဆကို တတိုင်းပြည်လုံးရှိပြည်သူများ သိရှိ နားလည်စေရန် လုပ်ဆောင်ရမည်။ အလွန်အရေးကြီးသည့်ကိစ္စဖြစ်သည်။

မမေ့မလျော့ပဲ အမြဲမှတ်ထားဖို့လိုသည့်ကိစ္စမှာ ကာကွယ်ရေးနဲ့ နိုင်ငံလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဒီမိုကရေစီ၏အခြေခံတန်ဖိုးများဖြစ်သည့် လူများစုအုပ်ချုပ်မှု၊ လူနည်းစုအခွင့်အရေး၊ လွတ်လပ်စွာပြောဆိုခွင့်၊ ကိုးကွယ်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ ခံစားပိုင်ခွင့်များကို မည်သည့်အကြောင်းကြောင့်နှင့်မျှ အပေးအယူမလုပ်ရ၊ အလဲအလှယ်မလုပ်ရဘူးဆိုသည့်အချက်ပင်ဖြစ်သည်။

---

## ရိုဟင်ဂျာများကို ပင်လယ်ထဲနှင်ထုတ်ခဲ့ခြင်း–ကာင်း ထိုင်းဝန်ကြီးချုပ်ဝန်ခံ

**NEJ ၊ ဖေဖော်ဝါရီ ၁၃ ။** ။ ထိုင်းအာဏာပိုင်များက ရိုဟင်ဂျာဒုက္ခသည် လှေများကို ပင်လယ်ပြင်သို့ သင်္ဘောဖြင့်ဆွဲထုတ်ခဲ့သည်မှာ မှန်ကန်ကြောင်း စီအဲန်အဲန်သတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ထိုင်းဝန်ကြီးချုပ်က ဝန်ခံပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံသို့ရောက်လာသည့်ပင်လယ်မျော ရိုဟင်ဂျာဒုက္ခသည်လှေများကို ထိုင်းရေတပ်က ပင်လယ်ပြင်သို့ဆွဲပြီးနှင်ထုတ်ခဲ့ကြောင်း နိုင်ငံတကာ စာနယ်ဇင်းများက စွပ်စွဲခဲ့ပြီးနောက် ထိုင်းဝန်ကြီးချုပ် အဘီဆစ်က ပထမဦးဆုံး အကြိမ်ဝန်ခံလိုက်ပါသည်။

ရိုဟင်ဂျာဒုက္ခသည်များကို ပင်လယ်သို့နှင်ထုတ်ရေးမှာ ထိုင်းအစိုးရပေါ်လစီမဟုတ်ဟု အာဏာပိုင်အားလုံးက ပြောနေသော်လည်း ပင်လယ်ပြင်သို့နှင်ထုတ်ခဲ့ကြောင်း ယုံကြည်လောက်သည့်အထောက်အထားရှိသည်ဟု အဘီဆစ်က ပြောသည်။မည်သူမည်ဝါလုပ်သည်ဆိုသည့်အထောက်အထား အတိအကျသိရပါက တရားဥပဒေအရ အရေးယူမည်ဟုလည်း ပြောသည်။

ထိုင်းနိုင်ငံရောက် ရိုဟင်ဂျာဒုက္ခသည်များကိစ္စ မြန်မာစစ်ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ထိုင်းစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အာနုပေါင် သီတင်းတပတ်အတွင်း မြန်မာနိုင်ငံသို့သွားမည်ဖြစ်သည်။ ရိုဟင်ဂျာများသည် မြန်မာတိုင်းရင်းသား ၁၀၀ ကျော်တွင် ပါဝင်ခြင်းမရှိဟု ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးက ထိုင်းကာကွယ်ရေးစီးစီးချုပ်ကို ပြောဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံတွင် သောင်တင်နေသော ရိုဟင်ဂျာဒုက္ခသည်များကိစ္စ မည်သို့ဖြေရှင်းမည်လဲဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိပေ။

ထိုအတောအတွင်း ရိုဟင်ဂျာဒုက္ခသည်များသည် မြန်မာနိုင်ငံသားများ မဟုတ်ကြောင်းနှင့် ရိုဟင်ဂျာဆိုသည်မှာ ဘီလူးကဲ့သို့ အရုပ်ဆိုးသူများဖြစ်ကြောင်းဟောင်ကောင်ရှိ မြန်မာသံရုံးကောင်စစ်ဝန်ချုပ် ဦးရဲမြင့်အောင် က ဟောင်ကောင်ရှိ နိုင်ငံခြားသံအမတ်ကြီးများနှင့် သတင်းစာများထံပေးပို့သည့်စာတွင် ဖော်ပြထားသည်။

ရိုဟင်ဂျာများကို ဒုက္ခသည်အဖြစ်လက်ခံရန် ထိုင်းနိုင်ငံကို ဖိအားပေးမှုများရှိနေသော်လည်း ထိုင်းနိုင်ငံက ပြဿနာဖြစ်အောင်လုပ်သည့်နိုင်ငံမဟုတ်သည့် အတွက် ရိုဟင်ဂျာများကို တာဝန်မယူနိုင်ဟု ထိုင်းဝန်ကြီးချုပ် အဘီဆစ်က ထုတ်ပြန်ပြောဆိုလိုက်ပါသည်။ ယခုအခြေအနေကြောင့် နိုင်ငံတကာတွင် ရိုဟင်ဂျာလူမျိုးများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် အကြီးအကျယ် ဝေဖန်ပြစ်တင်မှုများရှိနေသည်။

## ဦးတင်ဦးအား နေအိမ်အကျယ်ချုပ်သက်တမ်းတိုး၊ စစ်အုပ်စု၏ အဲန်အဲလ်ဒီအပေါ်သဘောထားတင်းမာဆဲ

**VOB ၊ ဖေဖော်ဝါရီ ၁၃ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးကို နေအိမ်အကျယ်ချုပ်နောက်ထပ်သက်တမ်း တနှစ်တိုးလိုက်တယ်လို့ သိရပါ တယ်။ အဲန်အဲလ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက အတည်ပြုပြောဆိုခဲ့ပြီး ဒီလိုသက်တမ်းတိုးလိုက်တာဟာ ဥပဒေနဲ့မညီဘူးလို့ပြောကြားပါတယ်။

ဒီကနေ့ နောက်ထပ်တနှစ်တိုးတယ်ဆိုပြီးတော့ ဒီညနေပိုင်းမှာပဲ ကျနော်တို့ သတင်းကြားပါတယ်။

အခုလိုသက်တမ်းတိုးတာ ဘယ်နှစ်ကြိမ်ရှိပြီလဲခင်ဗျ။

ကျနော်မှတ်မိသလောက်က ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့ကတည်းက ထိန်းသိမ်းခံနေရတာ၊ ပထမတနှစ်က ကလေးထောင်မှာ၊ အခုကျန်တဲ့ကာလက အိမ်မှာ၊ ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ဥပဒေအရ ကျနော်တို့မြင်တဲ့ဥပဒေအရ ၅ နှစ် ကျော်လွန်သွားပြီဖြစ်ပါတယ်။ ၅ နှစ်ဆိုတာက ဒီဥပဒေနဲ့ အရေးယူတဲ့ ကာလအားလုံးစုစုပေါင်းကို တွက်ပါတယ်။ အဲဒီတော့ လက်ရှိအုပ်ချုပ်တဲ့ပုဂ္ဂိုလ် တွေက သူတို့ရဲ့ဆောင်းပါးတွေအရ သူတို့က အဲဒီလိုမယူဘူး၊ ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ တိကျပြတ်သားတဲ့ဆုံးဖြတ်ချက် နမူနာလည်း မရှိပါဘူး။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်ကိစ္စနဲ့ပတ်သက်ပြီး ဥပဒေကြောင်းအရ အယူခံတင်တာတို့ ကျနော်တို့ကြားရပါတယ်။ ဦးတင်ဦးကိစ္စနဲ့ပတ်သက်လို့ရောအဲဒီလိုလုပ်တာမျိုးတွေရှိပါသလားခင်ဗျ။

အဲဒီလိုလုပ်ပေးမယ်ဆိုတဲ့အခြေအနေအရပ်ရပ်ကိုတော့ သတင်းပို့ထားတာရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုက ရှေ့ကနေ စံပြအမှုအနေနဲ့ဆောင်ရွက်တာပါ၊ အောက်တိုဘာ ၉ ရက်နေ့က ကြေညာခဲ့တဲ့အယူခံဟာ ဒီကနေ့အထိ ကြားနာခွင့်မရသေးပါဘူး။

ဦးတင်ဦးနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တခုခုလုပ်ဖို့ အစီအစဉ်ရှိပါသလားခင်ဗျ။

ဒါကတော့ လူကြီးတွေက အဆုံးအဖြတ်ပေးပါလိမ့်မယ်၊ ဥပဒေအရ ဆောင်ရွက်နိုင်တာ၊ လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်သင့်တာတတွေကို ကျနော်တို့ အသိပေးထားပြီးဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြီးခဲ့တဲ့ရက်ပိုင်းကပဲ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ဖို့ လက်မှတ်ထိုးလှုပ်ရှားတဲ့ လှုပ်ရှားမှုတခုလုပ်တယ်ဆိုပြီး တော့ သတင်းထုတ်ပြန်ထားပါတယ်။ ဒီအချိန်မှာ ဦးတင်ဦးကို နေအိမ်အကျယ်ချုပ်နောက်ထပ်တနှစ်သက်တမ်းတိုးလိုက်တဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဘယ်လိုသဘောထားရှိပါသလဲ။

ဥပဒေအရ နောက်ထပ်တိုးချဲ့တာတွေက တရားမဝင်တော့ဘူးလို့ ကျနော်တို့ အဲဒီလိုပဲမြင်ပါတယ်။ ဥပဒေနဲ့မညီဘူးပေါ့၊ ဥပဒေနဲ့မညီပဲ ဆက်လက်ချုပ်နှောင်ထားတယ်လို့ ကျနော်တို့မြင်ပါတယ်။

---

## မြန်မာပြည်၌ ဘိန်းနှင့်မူးယစ်ဆေးတိုးမြှင့်ထုတ်လုပ်

**VOB ၊ ဖေဖော်ဝါရီ ၁၄ ။** ။ ပြီးခဲ့တဲ့လအတွင်းက ဘိန်းဖြူ ၁၄၈ ကီလိုဂရမ်နဲ့ မူးယစ်ဆေးမှောင်ခို ၂၈၄ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့တယ်လို့ မြန်မာအစိုးရသတင်းတွေမှာ သောကြာနေ့က ဖော်ပြထားပါတယ်။ ဒီဇင်ဘာလတုန်းက မူးယစ်ဆေး ၂ ကီလိုဂရမ်ပဲဖမ်းမိတာမို့ ဇန်နဝါရီဖမ်းဆီးမှုဟာ အဆမတန်များပြားနေပါတယ်။

မြန်မာစစ်ခေါင်းဆောင်တွေက ဘိန်းကုန်ကူးမှုကို ၂၀၁၄ မှာ အမြစ်ပါမကျန် သုတ်သင်မယ်လို့ ကတိပေးထားပါတယ်။ အမေရိကန်ပြည်ထောင်စုက မူးယစ်ဆေးတိုက်ဖျက်ရေးကိုလုပ်ဆောင်မယ်လို့ကတိပေးထားပြီးအမှန်တကယ်မလုပ်တဲ့ ၁၃ နိုင်ငံထဲမှာ မြန်မာပါတယ်လို့ ဆိုထားပြီး အရှေ့တောင်အာရှမှာ အမ်ဖက်တမင်းအများဆုံးထုတ်တဲ့နိုင်ငံလည်းဖြစ်တယ်လို့ ဆိုပါတယ်။

---


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

To

PRINTED MATTER